# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်။ / Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 December 2023 ၁၁၂၉၈


## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မော်လမြိုင်မြို့၏ အထင်ကရနေရာဖြစ်သော တောင်ဝိုင်းတောင်တွင် တိမ်ပင်လယ်ကြည့်လိုသူများအတွက် တောင်တက်လမ်းလျှောက်ရာသီ စတင်ပြီဖြစ်ရာ စက်ဘီးဖြင့် တောင်တက်သူများကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။

## မော်လမြိုင်မြို့၏ အထင်ကရနေရာဖြစ်သော တောင်ဝိုင်းတောင်တွင် တိမ်ပင်လယ်ကြည့်လိုသူများအတွက် တောင်တက်လမ်းလျှောက်ရာသီ စတင်

မော်လမြိုင် ဒီဇင်ဘာ ၂


ခရီးသွားများစိတ်ဝင်စားသည့် မွန်ပြည်နယ် မော်လမြိုင်မြို့၏ အထင်ကရနေရာဖြစ်သောတောင်ဝိုင်းတောင်တွင် နံနက်ပိုင်း တိမ်ပင်လယ် ကြည့်လိုသူများအတွက် တောင်တက်လမ်းလျှောက်ရာသီ ယနေ့စတင်ကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

## အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၄၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




## ယနေ့ ဖတ်စရာ


၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ စာမျက်နှာ » ၃

နတ်လသဘင်ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး ဆောင်းပါး စာမျက်နှာ » ၆



တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် ဝဥခြောက်လုပ်ငန်း စာမျက်နှာ » ၁၇

လူငယ်တွေကို စာပေအနေနဲ့ အကြံပြုလိုတာက စာပေနယ်ဆိုတာ ဖြတ်လမ်းမရှိပါဘူး။ ရိုးရိုးကျင့် မြင့်မြင့်ကြံပါ။ ကြိုးစားပါ။ ခေတ်နဲ့အညီ ဆန်းသစ်ပါ၊ တီထွင်ပါ။ ယုံကြည်ချက်နဲ့ ရည်မှန်းချက်ထား ကြပါ။ အောင်မြင်ကြမှာပါ စာမျက်နှာ » ၁၈

အတွေးမှန်သူ ဖြစ်ပါစေ မျိုးဆက်သစ် ပျိုးခင်း စာမျက်နှာ » ၂၁

ကြေးမုံ

# ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်

မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများတွင် တွေ့ရှိခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စာပေ၊ ယဉ်ကျေးမှု အထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်ယဉ်ကျေးမှု အထောက်အထားများအရ မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသည့်နိုင်ငံဖြစ်သည်။ ဘာသာစကားဆိုင်ရာ ဂုဏ်မြောက်မှုများ၊ တန်ဖိုးကြီးမားသည့် ယဉ်ကျေးမှုများ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုဂုဏ်ဒြပ်များကို ခိုင်ခိုင်မာမာ တည်ဆောက်ထားသောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံ၌ ဖြစ်ထွန်းခဲ့သည့် ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအနက် အစောဆုံးဒြပ်ရှိယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့နှင့် ရှေးဟောင်းပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး ရှေးဟောင်း မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်း ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသ ၄၈ ခုရှိပြီး ယင်းဒေသများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည်နှင့်အညီ ဒေသအသီးသီးတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များလည်း ထောင်ပေါင်းများစွာရှိသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာစကားများ၊ ပုံပြင်ဇာတ်လမ်းများ၊ ရိုးရာလက်မှုပညာရပ်များ၊ ဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များစသည်ဖြင့် အမြောက်အမြားရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူထားသည့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခု သတ်မှတ်ထားပြီး ဆက်လက်ရှာဖွေဖော်ထုတ်ကြလျှင်လည်း ထပ်မံတွေ့ရှိဦးမည်ဖြစ်သည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ရှေးဟောင်း ယဉ်ကျေးမှုအဆောက်အအုံစုစုပေါင်း ၃၈၃၇ ခုကို ယနေ့ထက်တိုင် မပျောက်ပျက်ဘဲ တစ်နေရာတည်းတွင် တစုတဝေးတည်း တွေ့ရှိနိုင်သည်။ မြန်မာတစ်မျိုးသားလုံး၏ တန်ဖိုးမဖြတ်နိုင်သည့် တစ်ခုတည်းသောဒေသဖြစ်သကဲ့သို့ အဆိုပါယဉ်ကျေးမှု အမွေအနှစ်များကြောင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ထိုက်ထိုက်တန်တန် သတ်မှတ်ခြင်းခံထားရသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များသည် ကာလရှည်ကြာလာသည်နှင့်အမျှ လူသတ္တဝါများ၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ပျက်စီးယိုယွင်း ပျောက်ပျက်မှုများရှိနိုင်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း လူတို့က ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းမရှိပါက ပျောက်ပျက်သွားနိုင်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက “မိမိတို့၏မူပိုင် အမျိုးသား ယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများ မှေးမှိန်တိမ်ကော ပျောက်ကွယ်သွားခြင်း မရှိရအောင်လည်း အမျိုးသားရေးစိတ်ဓာတ်ခိုင်မြဲအောင် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း” မှာကြားထားသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သလို ပြည်သူများကလည်း မိမိတို့၏ ဘိုးဘွားဘီဘင်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားတတ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟူသော အသိစိတ်ဓာတ်များ ပြန့်ပွားကိန်းအောင်းနေရန် လိုအပ်ပါသည်။ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်ထိန်းသိမ်းလိုစိတ်မရှိဘဲ ဖြစ်ချင်ရာ၊ လုပ်ချင်ရာ လုပ်ကိုင်နေထိုင်ကြမည်ဆိုပါက မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ကိုယ်ပိုင်ယဉ်ကျေးမှုများ တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်သွားပြီး မိမိနိုင်ငံ၊ မိမိလူမျိုးကိုပင် ကာကွယ်စောင့်ရှောက်လိုစိတ်မရှိဘဲ ပြိုကွဲပျက်စီးခြင်းအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ တစုတစည်းတည်း စုစည်းနေထိုင်သောနိုင်ငံဖြစ်ပြီး ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖြစ်ထွန်းလာခဲ့သော ဒြပ်မဲ့ စာပေ၊ ဂီတအနုသုခုမပညာရပ်များ၊ ဒြပ်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကြောင့် မြန်မာလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ဝင့်ထည်ခဲ့သည်ကို အထင်အရှား ထုတ်ဖော်ပြသနိုင်ခဲ့ပြီးဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်ရှိန် ထာဝရတည်တံ့ခိုင်မြဲနေအောင် ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။
★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## သာယာဝတီမြို့၌ လူထုလမ်းလျှောက်ပွဲနှင့် ကိုယ်ခန္ဓာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်

သာယာဝတီ ဒီဇင်ဘာ ၂



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာနက တစ်မျိုးသားလုံး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးအတွက် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ခရိုင်ပြည်သူ့ဆေးရုံရှေ့မှ စတင်၍ မြို့တွင်းလမ်းမများ တစ်လျှောက်တွင် စုပေါင်းလမ်းလျှောက်ပွဲကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုတို့က ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ဒီဇင်ဘာလ ပထမပတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ကြပြီး လမ်းလျှောက်ပွဲအပြီးတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုးနဲမြို့၌ ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

မိုးနဲ ဒီဇင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ဒီဇင်ဘာ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။



လူထုလမ်းလျှောက်ပွဲကို စုရပ်ဖြစ်သည့် တောင်ဈေးစုရပ်နေရာမှ မိုးနဲ-လင်းခေးလမ်းအတိုင်း ထို့မှတစ်ဆင့် မြို့မ အားကစားကွင်းအတွင်း ဝင်ရောက်ပြီး ကိုယ်လက်လေ့ကျင့်ခန်း အတွဲ (၁) နှင့် အတွဲ (၂) တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုများ စုစုပေါင်း အင်အား ၃၅၀ တို့က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက်ရည်ရွယ်၍ "၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်စု ပေါင်းလမ်းလျှောက်ပွဲ"ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာဘရှော၊ ဦးရှွေကြိမ်၊ ပြည် ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုဝင် စုစုပေါင်းအင်အား ၄၀၀၀ ခန့် ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကား သိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဒီဇင်ဘာလူထုအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သေနတ် ပစ်ဖောက်၍ဖွင့်လှစ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ပြီး ဝဏ္ဏသိဒ္ဓိအားကစား ကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော် ပါးပါးလမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ်




စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






❖ **ရှေ့ဖုံးမှ**

အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၉၀ ခန့်၊ ချင်းနိုင်မြို့(Chennai)၏ အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်၊ နီလိုရီမြို့ (Nellore) ၏ အရှေ့တောင်ဘက် ရေမိုင် ၂၇၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့ (Machilipatnam) ၏ တောင်-အရှေ့တောင်ဘက် ရေမိုင်၃၃၀ ခန့် အကွာပင်လယ်ပြင်ကို ဗဟိုပြု နေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့ လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့် ဟု သတ်မှတ်သည်။

**(၂.၁၂.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**




**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက် လတ္တီတွဒ် ၁၀.၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၂.၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တို ပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီ လျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ အားကောင်းလာနိုင်ပြီး၊ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဒီဇင်ဘာ ၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းလွန်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့်အပြိုင် မြောက်ယွန်းယွန်းသို့ရွေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေကို နီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့ တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**လိုက်နာကျင့်သုံးရမည်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်မှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လွဲချော်မှုမရှိစေရေး ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်နှင့် လုပ်ငန်းလိုအပ်ချက်များ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်းအတိုင်း



တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကား ပြောကြား**

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏အနာဂတ် ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများစွာ လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရာတွင် စာပေဘာသာရပ်များကိုသာမက အားကစားနည်းများကိုပါ လေ့လာလိုက်စားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာအဆင့်ကစပြီး အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ စည်းကမ်းများကို လေးစားလိုက်နာကာ တရားသောယှဉ်ပြိုင်ခြင်းဖြင့် ကြိုးစားအားထုတ်ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားအဖွဲ့ခေါင်းဆောင်ထံသို့ အောင်နိုင်ရေးအလံပေးအပ်၍ အုပ်ချုပ်သူ/နည်းပြများ၊ ဆရာ ဆရာမများနှင့် ပြိုင်ပွဲအားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို နေပြည်တော်တွင် ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ထူးချွန်အားကစားသမားများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစား အဖွဲ့အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ ယမန်နေ့က တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်းမိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ အဆိုပါရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများအပြင် တောင်ငူဘူတာနှင့် ပျဉ်းမနားဘူတာတို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများနှင့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ပျဉ်းမနား) တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး ရထားလမ်းကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းရသည့် လုပ်ငန်းများဆောင်ရွက်ရန်၊ ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူဘူတာနှင့် ပျဉ်းမနားဘူတာများရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများကို စစ်ဆေးခဲ့ပြီး အိမ်ရာကြီးကြပ်ရေးအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(ပျဉ်းမနား)သို့ သွားရောက်၍ စက်ခေါင်းများပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျ ကောင်းမွန်အောင် ပြုပြင်ရေး၊ Spare Parts များ လုံလောက်မှုရှိစေရေး၊ ဝန်ထမ်းများအရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ စက်ရုံရှိစက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။



# လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာ၌ Box Culvert တံတား တည်ဆောက်နေမှုစစ်ဆေး

**လင်းခေး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ပုန်းထွန်ကျေးရွာ၌ Box Culvert တံတားတည်ဆောက်နေမှုအခြေအနေများကို ယမန်နေ့ ညနေပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၉ သိန်းဖြင့် ပုန်းထွန်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ အလျား ၁၇ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ခုနစ်ပေရှိ Box Culvert တံတားတစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝန်ထမ်းတစ်ဦးချင်း၏ တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလစုပေါင်းလူထုလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

ဘားအံ ဒီဇင်ဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၅ နာရီခွဲခန့်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းဝန်ကြီးများ အိမ်ရာရှေ့၌ စုရပ်ပြုလုပ်ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် စုပေါင်းလူထုလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများသည် စုရပ်ဖြစ်သော ဝန်ကြီးများ အိမ်ရာရှေ့မှ သီရိလမ်း၊ ယဉ်ကျေးမှုပြတိုက်လမ်း၊ ဦးပေါက်လမ်း၊ ကန်သာယာပတ်လမ်း၊ ကျော်ဇေယျလမ်း၊ ဆေးရုံလမ်းမှတစ်ဆင့် သီရိလမ်းအတိုင်း ကန်သာယာအားပတ်၍ သီရိကွင်းအတွင်း ပြန်လည်ဝင်ရောက် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး သီရိကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းလူထုလမ်းလျှောက်ပွဲနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း ဆောင်ရွက်အပြီးတွင် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီး၍ သီရိကွင်းသုံးပတ်(မီတာ ၄၅၀၀)အပြေးပြိုင်ပွဲ၊ Small goal သွင်း ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ကျင်းပပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။




အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့ (၁၀၃) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ကရင်သက္ကရာဇ်(၂၇၆၃)ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ၊ ကွန်ပျူတာပြိုင်ပွဲများ၊ အကြိုဟောပြောပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ညပိုင်းတွင် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲများ၊ တေးသရုပ်ဖော်ဖျော်ဖြေပွဲများ ထည့်သွင်းနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ခဲ့ပြီး အထိမ်းအမှတ်ဖွင့်ပွဲများ၊ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားသည့်အခမ်းအနား၊ ဂုဏ်ပြုညစာစားပွဲ၊ ပဒေသာကပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပသွားရန်လိုကြောင်း၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အနေဖြင့် လေ့လှော်ပြိုင်ပွဲ၊ ဖွဲကပင်တောင်တက်၊ တောင်ဆင်းပြိုင်ပွဲ၊ ကောက်သစ်စားပွဲ၊ အားကစားပြိုင်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ အခက်အခဲများရှိပါက တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအခမ်းအနားများအလိုက် အထောက်အကူပြုလုပ်ငန်းကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မော်ဘီမြို့နယ်၌ ဒီဇင်ဘာပထမပတ် အားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

မော်ဘီ ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် ဒီဇင်ဘာပထမပတ် အားကစားလ လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီတွင် ကျင်းပခဲ့သည်။

လမ်းလျှောက်ပွဲတွင် မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၄၀ကျော်ခန့်က စုရပ်အဖြစ် သတ်မှတ်ထားသော မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ မော်ဘီမြို့မဈေးသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ပြီး မော်ဘီမြို့နယ်အားကစားကွင်းအတွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့လွင်က Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့်အကြော်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မော်ဘီ)




## အသက်(၁၈)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများအား အောင်နိုင်ရေးအလံပေးအပ်ပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့ ညနေပိုင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက်(၁၈)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ကျောင်းသား ကျောင်းသူများအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲဝင်မောင်/မယ်များအနေဖြင့် စိတ်ဓာတ်ကြံ့ခိုင်၍ စွမ်းရည်ပြည့်ဝစွာဖြင့် စည်းကမ်းကောင်းမွန်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ တစ်ဦးချင်း အားကစားအဆင့်အတန်း မြင့်မားမှုမှသည် အသင်းလိုက် အောင်မြင်မှုဆီသို့ ယှဉ်တွဲပူးပေါင်း ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ လူငယ်ကျောင်းသားအားကစားလက်ရွေးစင်မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်စေရေး



အားထုတ် ကြိုးစားသွားကြရန်လိုအပ်ကြောင်းနှင့် ပြိုင်ပွဲကာလတစ်လျှောက်လုံး အားကစားစိတ်ဓာတ်ကို အရင်းတည်ပြီး အနိုင်မခံ အရှုံးမပေး ပဲခူးတိုင်းဒေသကြီး အောင်နိုင်ရေးကို ရရှိအောင် ကြိုးစားအားထုတ် ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက်(၁၈) နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ကျောင်းသား ကျောင်းသူများအား အောင်နိုင်ရေးအလံ၊ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် အားကစားအသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ရာ အားကစားအဖွဲ့ခေါင်းဆောင်က လက်ခံရယူခဲ့ပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်အောင်ရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက်(၁၈)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစား ပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးမှဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကတ်ဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်စသည့် အားကစားနည်းခုနစ်မျိုးတွင် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**☆ မော်လမြိုင်မြို့မှ**

တောင်ဝိုင်းတောင်ပေါ်တွင် ဘုရားဖူးရင်း တိမ်ပင်လယ်ကြည့်လိုသူများအတွက် နှစ်စဉ် ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ သုံးလအား တောင်တက်လမ်းလျှောက်ရာသီအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ တောင်တက်လမ်းလျှောက်ရာသီ သုံးလအတွင်း စနေ၊ တနင်္ဂနွေနေ့များတွင် တောင်တက်လမ်းလျှောက်သူများ အန္တရာယ်ကင်းစေရန် နံနက် ၄ နာရီမှ ၈ နာရီအထိ သတ်မှတ်ပေးထားကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းမှ သိရသည်။

အဆိုပါ သတ်မှတ်ချိန်အတွင်း တာဝန်ရှိသူများနှင့် တောင်ပေါ်ဘုန်းကြီးကျောင်း ကားများမှအပ ကား၊ ဆိုင်ကယ်များ တက်ခွင့်မပေးထားကြောင်း သိရသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် တောင်တက်လမ်းလျှောက်သူများနှင့် ဘုရားဖူးမည့်သူများသည် တောင်တက်လမ်းအဝင်ရှိအခမဲ့ ဆိုင်ကယ်ပါကင်များ၊ ကားပါကင်များတွင် ဆိုင်ကယ်များ၊ ကားများကို နံနက် ၄ နာရီခွဲမှ ၈ နာရီအထိ အပ်နှံနိုင်ကြောင်း သိရသည်။

တောင်ဝိုင်းတောင်ပေါ်သို့ လာရောက်သူများအနေဖြင့် လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ကြရန်၊ အမှိုက်များကို အမှိုက်ပုံးများအတွင်းသို့ စည်းကမ်းတကျ စွန့်ပစ်ပေးကြရန်၊ လမ်းလျှောက်သူများ အနှောင့်အယှက်မဖြစ်စေရန်၊ ဈေးသည်များ ကွန်ကရစ်လမ်းပေါ်သို့တက်၍ ဈေးမရောင်းရန်နှင့် ညှော်နံ့ထွက်သော အစားအသောက်များ၊ အရက်၊ ဘီယာများ ရောင်းချခွင့်မပြုကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းက အသိပေးထားသည်။

**သစ်တော်**

**ဓာတ်ပုံ - သာသနာ့နွယ်ဖောင်ဒေးရှင်း**

# နတ်လသဘင်ရောက်ပြန်လျှင်မူ၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး

## တက္ကသိုလ်မြတ်သူ

"နှင်းစီစီချမ်းမြလေ။
မှိုင်းဝေရီရီ၊ မိဂသီနှင့်၊
တိမ်ဆီမိုးလ၊ ရွှန်းရွှန်းပလျက်၊
မွေးပြကြည်လင်၊ နန်းလုံးရှင်လျှင်၊
သဇင်ကြိုင်မွှန်း၊ ရွှင်လန်းဖွယ်သာ၊
မင်းဆရာတို့၊ မဟာပိန္နဲ၊
ပူဇော်ပွဲနှင့်။"

(ဝန်ကြီးပဒေသရာဇာ)

"ရှစ်ခွင်ကိုမြူဆင်းလို့၊
ငွေနှင်းတဲ့ နုစို၊
ဂမုန်းသဇင်တို့၊
စုံခွင်မှာ လေချိုညင်းက၊
သုတ်သွင်းဘယ်ညာနှံ့၊
သင်းပျံ့ပျံ့ချို။
ယုဂန္ဓိုရ်ရဲ့ တောင်မိုထိပ်ဖျား။
ရွှေလစန္ဒီနှင့်၊
မိဂသီ ရောင်ခြည်ဖျန်းတယ်၊
မြန်းတူကြွသွား"။ ။

(ဖိုးသူတော်ဦးမင်း)

"စုံမြိုင်ရင်းမှာ
ကြိုင်သင်းတောလုံး၊
ပတ်ကုံးဝန်းကျင်၊
မြေတွင်မရောက်၊
ပင်ပေါ်ပေါက်၍၊
နှင်းသောက်ရွှင်ရွှင်၊
ဖူးတံဆင်သည်၊
သဇင်ရွှေပွင့်၊
လျှပ်ရောင်ဝင့်လို့
လျှံတင့်စိမ်းလျှံ၊
မျက်မှန်ကျောက်စုံ၊
ရွှေနန်းဘုံသို့၊
ဖူးငုံပေါ်စ. . . တင်ဆက်သသည်။"

(ဦးယာ)

"ပျံ့ပျံ့သာ ဖြူးတော့တယ်၊
နံ့မြူးငယ်မြိုင်ခွင်မှာ၊
လှိုင်သဇင်ရွှေပေါင်းနှင့်၊
ငွေပျောင်းငယ်စုံတို့က ထုံပျံ့ချိန်။"

(လှူဦးမင်း)

"ငွေရည်သာ ကျင်းတော့တယ်၊
ဆီးနှင်းမှုန်ရစ်နှင့် ထုံရစ်ခြယ်။
နှစ်ဆယ်အညီ၊
တစ်ပါဒ်ကယ်ချီသည်၊
ရာသီစနေ၊ ခါရတုဝယ်၊
ဣန္ဒုစန်းဆောင်၊
ကြင့်နှန်းညောင်နှင့်၊
ကြယ်ပြောင်မိဂသီ၊
တည့်မွှန်းညီလို့၊
ရေမှီတံငါ၊
ဖျိုင်းတာရာလည်း၊
အဝါရောင်လျှံ
နှစ်နန်းစံကြတယ်။
ယုဂန်ကြော့တောင်ယံမှာ၊
မှောင်ဗိမာန်ချိုလို့၊
ပုလဲချပ်ရောင်ညွန့်နှင့်
လွမ်းကွန့်ထပ်လှယ်။"

(ဉာဏ်ဝန်ကြီး ဦးဖြေ)

မြန်မာပြက္ခဒိန်တွင် ကိုးလမြောက်ဖြစ်သော နတ်တော်လဘွဲ့ကို ရှေးစာဆိုများစွာက ဖွဲ့ခဲ့ကြသည်။ ရာသီအမည်က ဓနုရာသီ၊ နှစ်လတစ်တွဲ ဥတု(ရတု) တစ်ခုသတ်မှတ်ရာတွင် တန်ဆောင်မုန်းနှင့် နတ်တော်လပေါင်းကာ ဟေမန္တဥတု(ရတု)ဖြစ်သည်။

နတ်တော်လပြည့်ည သန်းခေါင်ယံတွင် ငွေစန္ဒာလမင်းနှင့်အတူ ယှဉ်တွဲမွှန်းတည့်သောနက္ခတ်မှာ သမင်ဦးခေါင်းပုံရှိသော မိဂသီနက္ခတ်ဖြစ်သည်။ ယှဉ်၍သွားသော ကြယ်တာရာ (ကြယ်)မှာ ဟင်္သာတာရာဖြစ်သည်။ ရာသီရုပ်မှာ လူတစ်ပိုင်း မြင်းတစ်ပိုင်း လေးကိုင်ထားသူ၏ရုပ်ပုံဖြစ်သည်။ ရာသီပန်းကား သဇင်(သန့်စင်)ပန်းနှင့် ဂမုန်းပန်းဖြစ်သည်။ ရာသီ(လ)အလိုက် ကျင်းပသော ရိုးရာပွဲတော်ကား နတ်ပူဇော်ပွဲကျင်းပသောလဖြစ်သည်။ ရှေးက သက္ကတကျမ်းလာ မဟာပိန္နဲနတ်ကို ပူဇော်ခဲ့ကြသည်။ နှောင်းခေတ်များတွင်ကား မြန်မာတို့၏ ရိုးရာနတ်(မိရိုးဖလာ)နတ်များကို ပူဇော်ကြသည်။

ဆောင်းရာသီဖြစ်သည်နှင့်အညီ နေ့တာတို၍ ညတာရှည်သည်။ ရှေးမြန်မာ ဗဟိုရ်စည်နာရီအရ တစ်ရက်လျှင် နာရီ ၆ဂ သတ်မှတ်ခဲ့ရာ နတ်တော်လတွင် နေ့နာရီ၂၆၊ ညနာရီ၃၄ နာရီဖြစ်သည်။ ရှေးစာဆိုအများအပြားက ရာသီပန်းအဖြစ် သဇင် (သန့်စင်) ပန်းဘွဲ့ကို အထူးဖွဲ့ကြသည်၊ အချို့စာဆိုများက ဂမုန်းပန်းကိုပါ ရာသီပန်းအဖြစ် ပူးတွဲဖွဲ့ဆိုခဲ့ကြသည်။

**စာပန်းချီခြယ်မှုန်း၍ သီကုံးရေးဖွဲ့**

မြန်မာနိုင်ငံ၏ ပထဝီမြေအခင်းအကျင်း၊ အလှ၊ ရာသီဥတုအလိုက် ဩကာသ လောကကြီးကို အလှဆင်လေ့ရှိရာ နတ်တော်လတွင်ကား ငွေနှင်းပြာပြာ ဇာပဝါလွှမ်း၍ ချမ်းစရာသီဖြစ်၍ "ငွေနှင်းတဲ့စိုစို"၊ "နှင်းစီစီချမ်းမြလေ"၊ "ဆီးနှင်းမှုန်ရစ်နှင့်ထုံရစ်ခြယ်" စသည်ဖြင့် နတ်တော်လ၏ နှင်းရည်ပေါင်းခ၊ ချမ်းအေးသောလရာသီကို စာပန်းချီခြယ်မှုန်း၍ သီကုံးရေးဖွဲ့ခဲ့ကြသည်။ နှင်းပဝါခြုံလွှာထွေး၍ ချမ်းအေးမြမြရှိသော နတ်တော်လ၏ တောအလှ၊ တောင်အလှ၊ မြစ်အဏ္ဏဝါအလှ၊ ပန်းအလှ၊ တိမ်အလှ (ကောင်းကင်အလှ)၊ မြေပြင်ရေပြင်အလှ၊ နှင်းအလှတို့ကို တခမ်းတနား ဖွဲ့လေ့ရှိကြသည်။ သဇင်ပန်းကိုဖွဲ့သော ရာမရကန် ဦးတိုး၏ စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင် အစချီအဖွဲ့ ဂန္ထဝင်တေးသီချင်းကြီးအဖွဲ့များတွင်လည်း သဇင်ပန်းဘွဲ့ကို ဖွဲ့ကြသည်။

နတ်တော်လ၏ အခင်းအကျင်းသည် စာဆို၏ ကဗျာဉာဏ်၊ စာဉာဏ်ကွန့်မြူးကြသော လရာသီပင်ဖြစ်တော့သည်။ နတ်တော်လသည် မိုးရာသီလွန်မြောက်၍ ဟေမန္တဆောင်းဥတုသို့ ပီပီပြင်ပြင် ရောက်သောလဖြစ်ပေသည်။ မိုးကား ရွာခဲလှသည်။ တစ်ခါတစ်ရံ ရုတ်ခြည်းအခါမဲ့မိုးရွာလျှင် တောထဲမှ ဆင်ခြေရာခွက်များကိုပင် တိမ်သွားအောင် (မြုပ်သွားအောင်) ရွာတတ်သဖြင့် "ဆင်ရာတိမ်မိုး" ဟူသော အသုံးအနှုန်းဖြင့် စာဖွဲ့တတ်ကြသည်။ အချို့ပညာရှင်များကမူ မိုးမရွာသော်လည်း တိမ်များက ရွာတော့မယောင်မြင်ရ၊ ထင်ရ၍-ဝဋ္ဋာတစ်ခွင်ရွာလုနိုးနိုး ဟန်ရေးပြကာ အာကာပြင်ကို တန်ဆာဆင်လေ့ရှိ၍ ဆင်ရာတိမ်မိုးဟု အဓိပ္ပာယ်ဖွင့်ကြသည်။

> ❝ နတ်တော်လ၏ အခင်းအကျင်းသည် စာဆို၏ ကဗျာဉာဏ်၊ စာဉာဏ်ကွန့်မြူးကြသော လရာသီပင်ဖြစ်တော့သည်။ နတ်တော်လသည် မိုးရာသီလွန်မြောက်၍ ဟေမန္တဆောင်းဥတုသို့ ပီပီပြင်ပြင် ရောက်သောလဖြစ်ပေသည်။ မိုးကား ရွာခဲလှသည်။ တစ်ခါတစ်ရံ ရုတ်ခြည်းအခါမဲ့မိုးရွာလျှင် တောထဲမှ ဆင်ခြေရာခွက်များကိုပင် တိမ်သွားအောင် (မြုပ်သွားအောင်) ရွာတတ်သဖြင့် "ဆင်ရာတိမ်မိုး" ဟူသော အသုံးအနှုန်းဖြင့် စာဖွဲ့တတ်ကြသည်။ အချို့ပညာရှင်များကမူ မိုးမရွာသော်လည်း တိမ်များက ရွာတော့မယောင်မြင်ရ၊ ထင်ရ၍-ဝဋ္ဋာတစ်ခွင်ရွာလုနိုးနိုး ဟန်ရေးပြကာ အာကာပြင်ကို တန်ဆာဆင်လေ့ရှိ၍ ဆင်ရာတိမ်မိုးဟု အဓိပ္ပာယ်ဖွင့်ကြ ❞

ပန်းကံ့ကော် ရွှေစံကား၊
ငွေသားနု စံပယ်မှန်၊
မြတ်လေး၊ ခတ္တာနှင့်
ရွှေရင်းမာ -ကြာခဝဲ
ဖွဲ့စ နှင်းလျှံ၊
သဇင်ကျုံ ခွာတံ-ပေါက်လဲ၊
ပန်းဝတ်မှုန်ရွှေဖီမင်း

သင်းထုံနံ့ကဲ ဟူ၍ ၁၂ လ၊ ၁၂ ရာသီတွင် လအလိုက်ပွင့်သောပန်းကို ရာသီပန်းဟု သတ်မှတ်ကြသည်။

အထက်ပါ ၁၂ လ၊ ၁၂ ရာသီ၊ ရာသီပန်း ၁၂ မျိုး အဖွဲ့တွင် ဂမုန်းမပါချေ။ သို့သော် နတ်တော်လတွင် ဂမုန်းပင်မျိုးစုံကလည်း သဇင်ပန်းနှင့်အပြိုင်ပွင့်ကာ လောကကို အလှဆင်တတ်ပေသည်။ စာဆိုများက နတ်တော်လ၏ရာသီပန်းကို ဂမုန်းသဇင်ဟု တွဲ၍စပ်ဆိုကြသည်။ လရာသီတိုင်းမှာပင် ရာသီပန်းအဖြစ် သတ်မှတ်သောပန်းတစ်မျိုးသာ ပွင့်ကြသည်မဟုတ်။ ရာသီပန်းနှင့်အပြိုင်ပွင့်သော ပန်းအမျိုးအစားကလည်း များလှပေသည်။ ရာသီပန်းကို ဝန်းရံသောပန်းများဟု ဆိုနိုင်ပေသည်။

သဇင်ပန်းသည် ရှေးက သစ်ပင်ထက်၌ သစ်ကိုင်းကို ခွ၍ပေါက်သော အပင်ငယ်မျိုးဖြစ်သည်။ ဂမုန်းပန်းများသည်လည်း သစ်ပင်သစ်ကိုင်းကို ခွ၍ပေါက်သော အပင်များဖြစ်သော်လည်း နှောင်းခေတ်တွင် မြေ၌ ချစိုက်ခြင်း၊ ပန်းအိုးဖြင့် စိုက်ခြင်း၊ သစ်ပင်ကို ခွ၍ဖြစ်စေ၊ အုန်းဆန်ဖတ်များဖြင့်ပတ်၍ဖြစ်စေ စိုက်ပျိုးလာသဖြင့် လူတို့နှင့် ပိုမိုနီးကပ်လာရပေသည်။ ညှော့လာဂမုန်း၊ ရွှေလမင်းဂမုန်း၊ မီးကွင်းဂမုန်း၊ ဂမုန်းလက်ဆက်၊ ဂမုန်းဘီလူး စသည်ဖြင့် ဂမုန်းမျိုးစုံလှပေသည်။ ပုပ္ပားတောင်တွင် ဂမုန်းစုံတို့ ပျံ့နှံ့စွာ ပေါက်ကြပေသည်။

**ထီးသုံးနန်းသုံးတော်ဝင်ပန်း**

သဇင်ပန်း(သန့်စင်ပန်း)ကား ရှေးကထီးသုံး နန်းသုံးတော်ဝင်ပန်းအဖြစ် သတ်မှတ်ခဲ့သည်။ သဇင်ပန်းပွင့်ဦးရာသီတွင် ဘုရင်၊ မိဖုရားတို့ ဦးစွာ သဇင်ပန်းပွဲသဘင် ဆင်ယင်ပြီးမှသာ အများပြည်သူတို့ ပန်ခွင့်ရခဲ့သောပန်းဖြစ်သည်။ သဇင်ပန်းပေါက်ရာ၊ ပွင့်ရာမှာ တောဂနိုင်စုံမြိုင်အတွင်း ခက်ချင်း၊ ရွက်ချင်းထပ်ကြ၊ ဆက်ကြသဖြင့် နေရောင်မရ၊ မိုးပေါက်မိုးစက်သော်မျှ များများစားစား မတွေ့ရဘဲ ဆောင်းနှင်းများ ကျဆင်းသောကာလတွင် ပွင့်လေသည်။ ယနေ့ခေတ်တွင်မူ သဇင်ပန်းများကို အုန်းဆန်ကြိုးခွေ၊ အုန်းဆန်ဖတ်တို့ဖြင့် သဇင်ဥကို စိုက်ပျိုးကြသဖြင့် သဇင်ပန်းသည် လူထုပန်းဖြစ်လာပေသည်။ ရခိုင်ယိမ်းအကများကိုကြည့်တိုင်း ရခိုင်လှပျိုဖြူတို့သည် သဇင်ပန်းများကို ဝေနေအောင် ပန်ထားကြသည်ကို တွေ့ရသည်။ သန့်စင်ပန်းကိုဖွဲ့ရာ၌ ရာမရကန်တွင် ဦးတိုးက "စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်" အစချီပြီး ဖွဲ့ခဲ့သည်။ မြဝတီမင်းကြီးဦးစကလည်း "သည်ဆောင်းဟေမန်" အစချီ သဇင်ပန်းဘွဲ့ပတ်ပျိုး ရေးသားရာ လူသိများ၊ လူကြိုက်များခဲ့သည်။

သဇင်ပန်းသည် တစ်နှစ်တွင် တစ်ကြိမ်သာ ပွင့်သည်။ နတ်တော်၊ ပြာသိုလတို့တွင် နှင်းလှိုင်လှိုင်၌ ဖြိုင်ဖြိုင်ပွင့်လေသည်။ သဇင်ဥသည် တစ်လက်မသာသာခန့်သာကြီးသည်။ စိမ်းညိုရောင် လုံးရှည်သွယ်ဖြစ်သည်။ သဇင်ဥအခြေမှ အရွက်ကလေးနှစ်ရွက်သည် မိုးဦးကျရာသီ၌ ထွက်လာသည်။ အရွက်သည် တစ်လက်မမှ သုံးလက်မအထိရှည်၍ အစိမ်းနုရောင်ဖြစ်ကာ အရွက်တွင် အလယ်ကြောမကြီးတစ်ခုသာရှိသည့် ပြောင်ချောအရွက်မျိုးဖြစ်သည်။ ပွင့်ချိန်၌ အရွက်များကြွေကျသည်။ အပွင့်သည် ခိုင်တံသွယ်ရာ ဘေးတစ်ဖက်တစ်ချက်တွင် သေးငယ်သောအပွင့်ကလေးများစီ၍ပွင့်သည်။ အပွင့်၏အလယ်၌ ဝတ်ဆံပါသည်။

သဇင်ပန်းအဖြူ၊ သဇင်ပန်းအနီ၊ သဇင်ပန်းအဝါ၊ သဇင်ပန်းအနက်ဟူ၍ လေးမျိုးရှိသည်။ သဇင်ပန်းဖြူများမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ မော်လမြိုင်မြို့အနီးတစ်ဝိုက်တွင်ရှိပြီး ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့နယ်များ၊ ကျေးလက်ဒေသများနှင့် ပြင်ဦးလွင်တစ်ဝိုက်တွင် သဇင်ဝါများ ပေါက်ရောက်သည်။ ပြင်ဦးလွင်တစ်ဝိုက် ကျေးရွာများ၊ တောတောင်ဒေသများတွင် တစ်ခါတစ်ရံ သဇင်နက်တွေ့ရသည်။ ရခိုင်ပြည်နယ်တွင်လည်း သဇင်ပန်းများရှိနေပေသည်။ သဇင်ဝါသည် မွှေးရနံ့အသင်းထုံဆုံးဖြစ်သည်။ သဇင်နီမျိုးကို တောင်ငူတစ်ဝိုက်မှ တောတောင်ဒေသများတွင် တွေ့ရသည်။ သဇင်နီနှင့် သဇင်နက်တို့က ရနံ့မမွှေးကြပေ။ သဇင်ဖြူကမူ သင်းရုံမျှသာမွှေးကြိုင်သည်။ သဇင်နီတွင် အပွင့်သာနီ၍ ရိုးတံမနီသော သဇင်နီ၊ အပွင့်ရော ရိုးတံပါနီသော သဇင်နီဟူ၍ နှစ်မျိုးရှိသည်။ သဇင်နီဆိုသော်လည်း ပန်းရောင်ရင့်ရင့်မျိုးသာဖြစ်သည်။ သဇင်နက်မှာ မီးသွေးရောင်ကဲ့သို့ မည်းနက်၏။ သို့သော် ရှားရှားပါးပါး တွေ့ရတတ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်တွင် သဇင်ပန်းသည် မူးဝေငိုက်မြည်းသောဝေဒနာကိုလည်းကောင်း၊ ဦးခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်းတို့ကိုလည်းကောင်း၊ ဆာလောင်မွတ်သိပ်သော အနာရောဂါဝေဒနာကိုလည်းကောင်း၊ သလိပ်၊ သည်းခြေအားကြီးသော အနာရောဂါကိုလည်းကောင်း ချမ်းသာစေတတ်သည်ဟု ဖော်ပြထားလေသည်။ ယောမင်းကြီး ဦးဖိုးလှိုင်ပြုစုသော ဥတုဘောဇနသင်္ဂဟကျမ်းတွင် တန်ဆောင်မုန်း၊ နတ်တော်လ နှစ်လသည် ဟေမန္တဥတု(ရတု)မည်၏၊ လောကသည် အေး၏။ လောကမခြောက်သွေ့၊ ဆီးနှင်းများ၏။ မြောက်ကလေလာ၏။ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့ မြူးထူးကုန်၏။ သစ်စေး၊ ဆီးဖြူ၊ ခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင် စသော ပန်းတို့ပွင့်ကုန်၏ဟု ဖော်ပြထားသည်။

**ကဗျာဉာဏ်၊ စာဉာဏ် ပို၍ကွန့်မြူး**

နတ်တော်လ၏ ဥတုရာသီ၊ လောကအဆင်တန်ဆာတို့ကြောင့် စာဆိုတို့ နတ်တော်လတွင် ကဗျာဉာဏ်၊ စာဉာဏ် ပို၍ကွန့်မြူး၏။ ထို့ကြောင့် မြန်မာစာပေလောကအတွက် နတ်တော်လသည် အရေးပါ၏။ ရှေးက ရဟန်းစာဆို၊ လူစာဆို (နန်းတွင်း /နန်းပြင်)တို့ ရေးဖွဲ့ပြုစုခဲ့သော ဂန္ထဝင်ကဗျာ၊ စကားပြေ၊ လင်္ကာစကားပြေရောသော ဝိမိဿစာများ ရသမြောက်၊ ဂုဏ်မြောက်၊ အလင်္ကာမြောက်စွာ ခမ်းနားစည်ပင်စွာ ထွန်းကားခဲ့ကြောင်း ရေးသားလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ တက်ရောက်



မုံရွာ ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒီဇင်ဘာ အားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအရှေ့ဘက်ရှိ ဗိုလ်ချုပ်လမ်းပေါ်တွင် ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ မြို့နေပြည်သူများနှင့် အားကစားကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများက မုံရွာမြို့ ပြည်သူ့အားကစားကွင်းမှစတင်ကာ ဗိုလ်ချုပ်လမ်းတစ်လျှောက် ကန်သာယာ ရာပြည့်ကပ်ကျော်စေတီတော်မုခ်ဦးအထိ၊ ထိုမှပြည်သူ့အားကစားကွင်းသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူ အင်အား ၄၀၀၀ ကျော်ဖြင့် စုပေါင်းလမ်းလျှောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများသည် တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်းအတွင်းသို့ ဝင်ရောက်ကြပြီး အဆိုပါအားကစားကွင်းကြီးရှိ မြက်ခင်းပြင်၌ စနစ်တကျနေရာယူကာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ လူငယ်မောင်မယ်များ၏ ကိုယ်ကာယလေ့ကျင့်ခန်း အမှတ်စဉ် (၁)၊ အမှတ်စဉ် (၂)သရုပ်ပြသမှုနှင့်အတူ သွေးပူလေ့ကျင့်ခန်း အားကစားများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများအား ကံစမ်းမဲများဖွင့်ဖောက်ပေးနေမှုများ ကြည့်ရှုအားပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကံစမ်းမဲများနှိုက်ပေးကာ ဆုမဲပေါက်သူများအား ဆုများပေးအပ်ချီးမြှင့်ပြီး နံနက်စာများဖြင့် ဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကန့်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



ကန်ကြီးထောင့် ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ တောင်သူများအား တွေ့ဆုံခြင်းနှင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက မြင်းကဆိပ်ကျေးရွာအုပ်စု စာဖြူစုကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မြင်းကဆိပ်ကျေးရွာအုပ်စု စာဖြူစုကျေးရွာရှိ တောင်သူဦးဇွန်၏ လယ်နှစ်ကေတွင် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကို တစ်ကေလျှင် နှစ်ပြည်နှုန်းဖြင့်လည်းကောင်း၊ တောင်သူဦးဘိုတောက်၏ လယ်သုံးကေတွင် ဆီထွက်သီးနှံ(နေကြာ) (Super Sun 41)မျိုးကို တစ်ကေလျှင် ၁ ဒသမ ၅ ကီလိုနှုန်းဖြင့်လည်းကောင်း စုပေါင်းကြဲပက်ခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)၊ ဆီထွက်သီးနှံ (နေကြာ) စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များသာမက ပိုမိုကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူကြိုးစားဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က ဝန်ကြီးဌာန၏ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်း လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြိုးကြပ်ကွပ်ကဲခံရမှု အနည်းဆုံးဖြင့် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာပြည့်ဝစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာကြရမည်ဖြစ်ပြီး သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များသာမက ပိုမိုကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးများမှ ဦးစီးအရာရှိ ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်စေရေး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဘာသာရပ်၊ ရုံးလုပ်ငန်းလက်စွဲဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်းဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ ဝန်ထမ်းရေးရာနှင့် ပြင်/ထိန်းလုပ်ငန်းများဘာသာရပ်နှင့် စာရင်းစစ်ကန့်ကွက်ချက် မဖြစ်ပေါ်စေရေး ဘာသာရပ်များ၊ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများအား ခေတ်စနစ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန် ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေးလုပ်ငန်းများ ဘာသာရပ်၊ Digital Library Management System အသုံးပြုနည်း ဘာသာရပ်၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(MIL) ဘာသာရပ်၊ Talk Show ဗီဒီယိုနှင့်သတင်းဗီဒီယိုတည်းဖြတ်ခြင်း ဘာသာရပ်နှင့် လူမှုမီဒီယာအကြောင်းသိကောင်းစရာ ဘာသာရပ်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဘာသာရပ်နှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေဘာသာရပ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုကြီးကြပ်ရေးလုပ်ငန်းများစသည့် ဌာနခွဲများ၏ လုပ်ငန်းများဆိုင်ရာ ဘာသာရပ်များကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ




## ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ

မော်လမြိုင် ဒီဇင်ဘာ ၂

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိသည့်အနက် လမ်းလျှောက်ခြင်းသည် အရွယ်သုံးပါးမရွေး လုပ်ဆောင်သင့်သည့် လေ့ကျင့်ခန်း အမျိုးအစားဖြစ်သည့်အားလျော်စွာ မွန်ပြည်နယ်အတွင်း ပြည်သူများ လမ်းလျှောက်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကိုကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့်ကာယသိပ္ပံ လေ့ကျင့်ရေးကျောင်း (မော်လမြိုင်)နှင့် အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားလိုက်စားသူ အများပြည်သူများ အင်အား ၁၃၀၀ ကျော်သည် စုရပ်ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှစတင်ပြီး ဗဟိုလမ်း၊ ကမ်းနားလမ်းတစ်လျှောက်နှင့် ရာမညအားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်သူများသည် ရာမညအားကစားကွင်းအတွင်း သွေးပူလေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂) ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ မွန်ပြည်နယ်ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယင်းနေ့နံနက်ပိုင်းက ရာမညအားကစားကွင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စွမ်းစွမ်းတမံကြိုးစားအားထုတ် ယှဉ်ပြိုင်ခဲ့သောကြောင့် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် ပိုက်ကျော်ခြင်းအသင်းမှ အားကစားသမားများကို မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူလူထုကိုယ်စား ဂုဏ်ပြုချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း၊ အားကစားအဆင့်အတန်းသည် အနာဂတ်မှာ ယခုထက်ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးရမည်ဖြစ်ပြီး ပြည်နယ်ဂုဏ်သာမက နိုင်ငံ့ဂုဏ်ကိုဖော်ဆောင်ပေးနိုင်သောသူများဖြစ်အောင် ကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်

မြစ်ကြီးနား ဒီဇင်ဘာ ၂

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပထမအပတ်အဖြစ် ယနေ့ နံနက် ၅ နာရီခွဲက မြစ်ကြီးနားမြို့၌ကျင်းပရာ သီတာရပ်ကွက် ပြည်နယ်ဘောလုံးကွင်းရှေ့စုရပ်မှ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပြည်နယ်ဘောလုံးကွင်းရှေ့စုရပ်မှ ရုံးကြီးလမ်း၊ ကမ်းနားလမ်း၊ ထိုမှတစ်ဆင့် စည်ပင်သာယာလမ်း မီးသတ်မီးပွိုင့်လမ်းဆုံ၊ ၎င်းနောက် ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် ဆွမ်ပရာဘွမ်လမ်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ပြည်နယ်ဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်ကာ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့် (၂) နှင့် Fitness Dance တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဒေသတွင်း မြေပြင်ကွင်းဆင်းကောက်ခံမှုစာရင်းများအရ မသန်စွမ်းသူဦးရေ ၆၆၂၉ ဦးရှိကြောင်း၊ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ၏ အခွင့်အရေးမဆုံးရှုံးစေရေး၊ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးနှင့် လူမှုပတ်ဝန်းကျင်တွင် မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် မမေ့မလျော့ ကူညီဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၃၀၊ ဗိုလ်ထွန်းကြည်(မုံရွာ)က အသက် ၈၉ နှစ်ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀ သိန်း၊ ဦးကျော်မြင့်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်)နှင့် ဆာကူရာ ဦးဌေးအောင်(မိသားစု)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးလှမောင်(စာရေးဆရာ အောင်ချိန်ဘွား)မိသားစုနှင့် ဆရာမြင့် (စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါက်တာထွန်းမောင် (သွားဆရာဝန်) ချမ်းအေးသာစံမြို့နယ်နှင့် ဦးစိုးမြင့်(တက္ကသိုလ်စိုးစံ)တို့က ငွေကျပ်နှစ်သိန်းစီ၊ အောင်မြေသာစံမြို့နယ်စာရေးဆရာ အသင်းက ငွေကျပ် ၁၄၀၀၀၀၊ ဓမ္မပါလ ဖောင်ဒေးရှင်း၊ ဝဏ္ဏကျော်ထင် ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ ဦးတင်ကိုကို-ဒေါ်အေးအေးမူ(တော်ဝင်မြင်းမိုရ်ကုမ္ပဏီလီမိတက်)၊ လသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်တင် (သီဟညွန့်တင်-လသာ)၊ ဦးဇော်မင်း- ဒေါ်ခိုင်(လှိုင်း-၂ လက်ဖက်ရည်ဆိုင်)အောင်မြေသာစံမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ကွယ်လွန်သူဆရာကြီး(မော်ဝန်းဝင်းမြတ်) (ဒေါ်သန်းရွှေမြို့မ) တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ဗိုလ်ဝင်း-ဒေါ်မိုးသီတာ (တိုင်းရင်းဆေးလုပ်ငန်း)အောင်မြေသာစံမြို့နယ်၊ ပုသိမ်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ မိုးညှင်းမြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မောင်ခေတ်ထွန်း-ဒေါ်လေးမြင့်မြင့်ရီ(မိသားစု)၊ ဒေါ်ယဉ်ယဉ်မွေး (ယဉ်ယဉ်-ဘက်ရဲ)၊ ရွှေဘိုမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ အောင်ဘုန်းညိုနှင့် စာရေးဆရာ မြတ်သာထွန်း(ရွှေစံပြ)တို့က ငွေကျပ်သုံးသောင်းစီ၊ ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြအောင်(စောနန်းမြေအောင်)က ငွေကျပ် ၂၅၀၀၀၊ အုတ်တွင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ချို (ကညွတ်ကွင်း) က ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်) တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်မြို့နယ်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

လှိုင် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့ နံနက် ၅ နာရီခွဲက ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ရာတွင် လှိုင်မြို့နယ် (၁၂)ရပ်ကွက် ရန်ကုန်တက္ကသိုလ်နယ်မြေ(RC2)ဝင်း သမိုင်းကောလိပ်လမ်း မေခဆောင်တစ်လျှောက် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ဟာမိုနီဂိတ်ပေါက်အနီးတွင်ရပ်နား၍ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လူထုအားကစားလစုပေါင်းလမ်းလျှောက်ပွဲတွင် လှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှိုင်တက္ကသိုလ်နယ်မြေ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"

"United in action to rescue and achieve the SDGs for, with and by persons with disabilities"

၃.၁၂.၂၀၂၃ နေပြည်တော်

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)

Myanmar Public Health Conference (2023)

"လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"

"Public Health: Improving the longevity and health of the nation"

(၆-၁၂-၂၀၂၃) မှ (၇-၁၂-၂၀၂၃) ထိ နေပြည်တော်

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မျိုးစေ့ချကိရိယာဖြင့် နွေစပါးနှင့် ဆောင်းသီးနှံပဲ စိုက်ပျိုးခြင်းသရုပ်ပြပွဲ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မျိုးစေ့ချကိရိယာဖြင့် နွေစပါးနှင့် ဆောင်းသီးနှံပဲမျိုးစေ့ချ စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဒေသခံတောင်သူများအား မျိုးစေ့ချကိရိယာကို အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး လက်တွေ့အသုံးပြုပုံကို သရုပ်ဖော်ပြသသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တွံတေးခရိုင်အတွင်း မျိုးစေ့ချကိရိယာ ခွဲဝေချထားပေးခြင်း၊ ဆောင်းသီးနှံပဲနှင့် နွေစပါး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရခြင်း၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ရွှေ့ပြောင်း Solar ရေတင်စက်များ ခွဲဝေချထားရခြင်းအကြောင်း ပြောကြားပြီး တောင်သူများအနေဖြင့် စားဖိုဆောင်အသီးအနှံများ၊ သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် နှစ်သီးစား စိုက်ပျိုးကြရန်နှင့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပံ့ပိုးကြရန် ထပ်လောင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တောင်သူများအား ပေးအပ်သည့်ပစ္စည်းများနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် သီးနှံမျိုးစေ့များအား ပေးအပ်ကြသည်။

၎င်းနောက် သီးနှံမျိုးစေ့များအား လေ့လာကြည့်ရှုပြီး မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးသရုပ်ပြနေမှုအားလည်းကောင်း၊ ရွှေ့ပြောင်း Solar ရေတင်စက်ဖြင့် လယ်ကွက်ထဲသို့ ရေထည့်သွင်းနေမှုနှင့် စက်အသုံးပြုပုံတို့အားလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွမ်းခြံကုန်းရေထိန်းတံခါးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ လယ်မြေဧက ၂၁၄၀၀ ကို ရေထုတ်နုတ်ခြင်း၊ အောင်ရေပေးသွင်းခြင်း၊ ရေထိန်းသိုလှောင်ခြင်းတို့အား ရေထိန်းတံခါးမှ အကျိုးပြုဆောင်ရွက်လျက်ရှိနေမှုများနှင့် ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အစီအစဉ် စတုတ္ထအကြိမ်အဖြစ် အိန္ဒိယနိုင်ငံသို့ သင်တန်းသား ၄၀ စေလွှတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသား တရားစီရင်ရေး အကယ်ဒမီ(National Judicial Academy–NJA)တွင် ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ စတုတ္ထအကြိမ်မြောက်အဖြစ် ဖွင့်လှစ်မည့် "တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အစီအစဉ်"သို့ တက်ရောက်ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့် သင်တန်းသား ၄၀ သည် ယနေ့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။




အဆိုပါသင်တန်း၌ သင်တန်းသားများသည် အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံ တရားစီရင်ရေးစနစ်၊ တရားသူကြီးကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားရုံးနည်းပညာ၊ တရားမနှင့် ရာဇဝတ်ဥပဒေများ၊ ဥပဒေရေးရာ ဆေးပညာ၊ တရားမကျင့်ထုံးဥပဒေနှင့် တရားမမှု စစ်ဆေးခြင်း၊ အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို လေ့လာသင်ယူခွင့်ရရှိကြမည့် အပြင် လေ့လာရေးခရီးအဖြစ် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ တရားရုံးများ၊ ယဉ်ကျေးမှုပြတိုက်၊ တိုင်းရင်းသားများပြတိုက်၊ လေ့လော့အသင်းနှင့် ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုထိုးတော်ကြီး တည်ရှိရာနေရာ ဘိုပါး၊ ဆန်းချီမြို့တို့သို့ လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းအစီအစဉ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသား တရားစီရင်ရေး အကယ်ဒမီတို့အကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စေလွှတ်ခြင်းဖြစ်ပြီး ယခု စတုတ္ထအကြိမ် သင်တန်းအပါအဝင် စုစုပေါင်း သင်တန်းသား ၁၆၀ စေလွှတ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လှည်းကူး ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော လှည်းကူးမြို့မဈေးခန်းမရှေ့မှစတင်ကာ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြ၍ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့် အကြော်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံ ကျေးလက်လမ်းများ

ခန့်ဇော်(ကျေးလက်)


ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော ကျေးလက်လမ်း/ တံတား၊ ကျေးလက်ရေပေးရေး၊ ကျေးလက်မီးလင်းရေးစသည့် လူမှုရေးနှင့်သက်ဆိုင်သော ပညာရေးနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မရှိမဖြစ်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အကျိုးပြုလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးအတွက်လည်း လိုအပ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းလျှင် "ကျွဲကူးရေပါ" ဆိုသလို ကုန်စည်ပို့ဆောင်ရေး၊ ခရီးသွားလာရေးတို့အတွက် အချိန်ကုန်ငွေကုန်သက်သာသည့်အပြင် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး သယ်ယူပို့ဆောင်စရိတ်ကိုပါ လျှော့ချနိုင်မည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ပညာရေး၊ ကျန်းမာရေး၊ မီးလင်းရေးနှင့် ရေပေးရေးလုပ်ငန်းများ ဆက်တိုက်လိုက်ပါဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုနှင့်တစ်ခု၊ ခရိုင် တစ်ခုနှင့်တစ်ခု၊ မြို့တစ်မြို့နှင့်တစ်မြို့၊ ကျေးရွာ တစ်ရွာနှင့်တစ်ရွာ၊ ကျေးရွာမှ မြို့ပြသို့ လွယ်ကူချောမွေ့စွာ ကူးလူးဆက်သွယ်သွားလာနိုင်ရေးသည် အလွန်အရေးကြီးပြီး ကျေးလက်နေပြည်သူများ၏ နေ့စဉ်နေထိုင်မှုဘဝ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝကို များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် သက်ဆိုင်သူများ ပါဝင်ရေးဆွဲခဲ့ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာကိုလည်း သက်ဆိုင်သူများအားလုံး ပါဝင်ရေးဆွဲခဲ့ကာ ၂၀၁၆ ခုနှစ်တွင် Zero Draft စထွက်ခဲ့သည်။ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးများအလိုက် အကြံပြုချက်များ ကျယ်ကျယ်ပြန့်ပြန့် ရယူခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် Final Draft ပြီးစီးထုတ်ပြန်အတည်ပြုခဲ့သည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ၏ ရည်ရွယ်ချက်**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးမဟာဗျူဟာ ရေးဆွဲရခြင်း၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်




လမ်းများ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၁၀၀၀ နှင့်အထက် ကျေးရွာများအားလုံး၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၅၀၀ နှင့်အထက် ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၅၀ နှင့်အထက် ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းတွင် ရာသီမရွေး သွားလာနိုင်သောလမ်းများဖြစ်ရန် ရည်ရွယ်ခဲ့ပြီး ရည်မှန်းချက်ပြည့်မြောက်မှု ရှိ/မရှိ၊ အကောင်အထည်ဖော်နိုင်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါသည်။ မဟာဗျူဟာအရ ၂၀၁၇ ခုနှစ်မှ ၂၀၃၀ပြည့်နှစ်အထိ ၁၄ နှစ်စာဖြစ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း Midterm Review လုပ်ပြီး ဆန်းစစ်နိုင်ရန် ရည်ရွယ်ထားရှိပါသည်။

**လမ်းကွန်ရက်စနစ်**

**(Core Rural Road Network–CRRN)**

လတ်တလောဦးစားပေးအစီအစဉ်အရ ကျေးရွာတစ်ရွာအတွက် အခြားကျေးရွာတစ်ရွာရွာသို့ ဆက်သွယ်နိုင်မည့် လမ်းကွန်ရက် နှစ်ခုထက်ပို၍ ရှိနိုင်သော်လည်း ပိုမိုကောင်းမွန်သည့် လမ်းကွန်ရက် တစ်ခုကိုသာ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

**ဦးစားပေးရွေးချယ်သတ်မှတ်ခြင်း**

(က) အကျိုးပြုမှု- အကျိုးပြုကျေးရွာပေါင်း၊ အကျိုးပြုလူဦးရေ၊ အကျိုးပြုစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊

( ခ ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊

( ဂ ) နေ့စဉ် ယာဉ်သွားလာမှု၊

(ဃ) ဆင်းရဲမှုနှုန်း၊

( င ) လူမှုရေးဆိုင်ရာ စာသင်ကျောင်း၊ ဆေးပေးခန်းများ ချိတ်ဆက်ဆက်သွယ် အကျိုးပြုမှု၊ Accessibility/ Travel time၊

( စ ) အိမ်ထောင်စုတစ်စုအပေါ် ရင်းနှီးမြှုပ်နှံမှု (Investment Per–Household)

(ဆ) လမ်းဖောက်လုပ်မှုကြောင့် နေရာရွှေ့ပြောင်းချထားရန် လိုအပ်မှု ရှိ/မရှိ စသည့်အချက်များအပေါ် အခြေခံ၍ အကျိုးပြုမှုအများဆုံး၊ ရင်းနှီးမြှုပ်နှံမှုအနည်းဆုံး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုထိခိုက်မှုမရှိသော အချက်များအပေါ် အခြေခံ၍ ဦးစားပေးရွေးချယ်သတ်မှတ်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာတွင် ချမှတ်ထားပါသည်။

မဟာဗျူဟာကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ရာ ခြောက်နှစ်ကျော်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းများရှိသကဲ့သို့ မဆောင်ရွက်နိုင်သေးသည်များလည်း ရှိသည်။ အဓိက ကျေးရွာချင်းဆက်လမ်းကွန်ရက် သတ်မှတ်ချက်အရ ကျေးရွာတစ်ရွာ လမ်းကွန်ရက် တစ်ခု ဆောင်ရွက်ရန်ဖြစ်သော်လည်း တွေ့ရှိချက်များအရ အချို့ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းကွန်ရက် နှစ်ခု၊ သုံးခုခန့် ဆောင်ရွက်ပေးထားပြီး တံတားတည်ဆောက်ရေးအနေဖြင့် နာရီဝက်၊ မိနစ် ၂၀ အတွင်း ဆက်သွယ်သွားလာနိုင်သည့် လမ်း/ တံတားရှိသော်လည်း နောက်ထပ်တံတားတစ်စင်း တည်ဆောက်ပေးထားခြင်းများလည်းရှိသည်။ လမ်းကွန်ရက်များလေ ကောင်းလေဖြစ်သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ လမ်းလုံးဝမရှိ၊ မြေသားလမ်းတစ်လမ်းတောင် အသင့်အတင့် အခြေအနေမရှိသည့် ဝေးလံဒေသ၊ မြို့နှင့် မလှမ်းမကမ်းဒေသများတွင် လိုအပ်လျက်ရှိစာလမ်းအဆင့်ပင် မဆောင်ရွက်ပေးနိုင်သေးခြင်းများ တွေ့ရှိနေရပါသည်။ CRRN သတ်မှတ်ချက်အတိုင်း လုပ်နိုင်လျှင် ပိုကောင်းမည်ဖြစ်သည်။

**" ကျေးလက်လမ်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်လမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကုန်စည်ပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်ပြည့်စုံကြီးမားသော ဈေးကွက်များနှင့် ချိတ်ဆက်ပေးနိုင်လာရာ ကုန်သွယ်မှုမြှင့်တင်ပေးပြီး စီးပွားရေးကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ဈေးကွက်လက်လှမ်းမီမှုသည် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်သည့်နည်းတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်သာမက ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ မြှင့်တင်ပေးနိုင်မည် "**

တင်ပြသည်ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ မဟာဗျူဟာအရ ဦးစားပေးအစီအစဉ်အတိုင်း၊ CRRN သတ်မှတ်ချက်အတိုင်း ဆောင်ရွက်သင့်သည်မို့ မဟာဗျူဟာအကောင်အထည်ဖော်မှုကို ဝန်ကြီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မဖြစ်မနေ ပြန်လည်သုံးသပ်ရန်လိုအပ်ပြီး ပြုပြင်ဆောင်ရွက်သင့်သည်များကို ဖော်ထုတ်ဆောင်ရွက်သွားသင့်ပါသည်။

**ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ**

ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာ ရေးဆွဲခဲ့ပြီးမှ ဆက်စပ်အနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးမဟာဗျူဟာနှင့် ကျေးလက်မီးလင်းရေးစီမံကိန်းများကို ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာအား ပင်မကျောရိုး အဂ္ဂမဟာဗျူဟာအဖြစ် ထားရှိရေးဆွဲခဲ့၊ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

**ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာ (၅)ချက်မှာ-**

(က) ဦးစားပေးရွေးချယ်ခြင်း မဟာဗျူဟာ (Targeting & Prioritization)၊

( ခ ) ထပ်ပေါင်းထပ်ပွားမဟာဗျူဟာ (Synergy & Multiply Impact)၊

( ဂ ) စဉ်ဆက်မပြတ်ရန်ပုံငွေရရှိရေး မဟာဗျူဟာ (Sustainable Financing)၊

(ဃ) ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း မဟာဗျူဟာ(Effective Collaboration)နှင့်

( င ) ကောင်းမွန်သောစီမံခန့်ခွဲမှုမဟာဗျူဟာ (Good Governance) တို့ဖြစ်ပြီး

ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာကို အကောင်အထည်ဖော်ရာမှ ထပ်ပေါင်းထပ်ပွားဗျူဟာ၊ စဉ်ဆက်မပြတ် ရန်ပုံငွေရရှိရေးမဟာဗျူဟာ၊ ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၊ ကောင်းမွန်သောစီမံခန့်ခွဲမှု မဟာဗျူဟာတို့နှင့် ပြန်လည်ချိန်ညှိဆန်းစစ်ရန် လိုအပ်ပါသည်။ ရန်ပုံငွေ၊ သဘာဝဘေး၊ ပြည်သူပါဝင်မှု၊ အရင်းအမြစ်၊ အချိန်စသည့် အကန့်အသတ်များ ရှိနေသည့်အတွက် မဟာဗျူဟာရည်မှန်းချက်ကိုပြည့်မီရန် စဉ်းစားဆောင်ရွက် စီမံရမည်ဖြစ်သည့်အတွက် ပြည်သူလူထုကိုယ်တိုင် တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးတွင် ပါဝင်လာအောင်၊ လုပ်အား၊ ငွေအားပါဝင်အောင်၊ ဌာနဆိုင်ရာအချင်းချင်း၊ ပုဂ္ဂလိကများ၊ ကျေးရွာများနှင့် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကောင်းမွန်သောစီမံခန့်ခွဲမှုအတွက် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းမျဉ်း စည်းကမ်းလိုက်နာမှု၊ အင်ဂျင်နီယာကျင့်ဝတ်လိုက်နာမှု၊ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မှုစသည့် သိရှိလိုက်နာ ကျင့်ကြံရန်ကိစ္စများကို စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်လျာထားခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းစဉ်အားလုံးတွင် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မဟာဗျူဟာအတိုင်းဆောင်ရွက်မှု ရှိ/ မရှိ၊ CRRN သတ်မှတ်ချက်အတိုင်းဆောင်ရွက်မှု ရှိ/ မရှိ၊ အရည်အသွေးကောင်းမွန်ရန်တို့အတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကြီးကြပ်မှု ရှိ/မရှိတို့ကို စီမံခန့်ခွဲရာတွင် ကောင်းမွန်စွာစီမံခန့်ခွဲမှုရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

**အကျိုးကျေးဇူးများ**

ကျေးလက်လမ်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်လမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကုန်စည်ပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန် ပြည့်စုံကြီးမားသောဈေးကွက်များနှင့် ချိတ်ဆက်ပေးနိုင်လာရာ ကုန်သွယ်မှုမြှင့်တင်ပေးပြီး စီးပွားရေးကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ဈေးကွက်လက်လှမ်းမီမှုသည် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်သည့်နည်းတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်သာမက ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ တိုက်ရိုက်နှင့် သွယ်ဝိုက် အဓိက အကျိုးကျေးဇူးများနှင့် Multiplier Effects မှာ–

( ၁ ) **ပြည်သူလူထု ချိတ်ဆက်မှု (Connect Communities)**

ဝေးလံဒေသအပါအဝင် သီးခြားစီရှိနေသောကျေးရွာများသို့ လမ်းများဖောက်လုပ် ဆက်သွယ်ပေးခြင်းဖြင့် ရပ်ရွာများပေါင်းစည်းမှုနှင့် စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေမည်ဖြစ်သည်။

( ၂ ) **စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု (Agricultural Growth)**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့ ထိရောက်လျင်မြန်၊ အချိန်ကုန်သက်သာစွာဖြင့် ပို့ဆောင်နိုင်စေပြီး လယ်ယာကုန်ထုတ်စွမ်းအားတိုးမြှင့်ပေးနိုင်မည့်အပြင် မိသားစုဝင်ငွေကိုပါ တိုးပွားစေမည်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ (SDGs– Sustainable Development Goals) အနက်မှ SDG2:“စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးရည်မှန်းချက်ကို ပြည့်မီစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

( ၃ ) **အလုပ်အကိုင်အခွင့်အလမ်း (Employment Opportunities)**

လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်းကြောင့် ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်မည့်အပြင် အလုပ်လက်မဲ့ဖြစ်ခြင်းကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် SDG–8: “အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားရေး” ရည်မှန်းချက်ကို ပြည့်မီစေရန် အထောက်အကူပြုစေမည်ဖြစ်သည်။

( ၄ ) **ပညာရေးလက်လှမ်းမီမှု (Education Access)**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကျောင်းများတက်ရောက်ခွင့်၊ ဝင်ရောက်ခွင့်များ လွယ်ကူစွာရရှိစေပြီး ပညာရေးဆိုင်ရာအတားအဆီးများကို လျှော့ချပေးနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများ မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် SDG–4 “လူတိုင်းပညာရည်မြင့်မားရေး” ရည်မှန်းချက်ကို ပြည့်မီစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်သည်။

( ၅ ) **ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်မှု (Health Care Access)**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီရောက်ရှိစေနိုင်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုနှင့် ဆေးဝါးအကူအညီများကို အချိန်မီဆောင်ရွက်ပေးနိုင်ပြီး ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် SDG–3 “လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး” ရည်မှန်းချက်ကို ပြည့်မီစေရန်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်သည်။

( ၆ ) **ဈေးကွက်ချိတ်ဆက်ပေးနိုင်မှု (Market Access)**

ကျေးလက်လမ်းများမှတစ်ဆင့် ကျေးရွာများ၏ထုတ်ကုန်များကို ပိုမိုကောင်းမွန်သောဈေးကွက်သို့ လျင်မြန်စွာ ချိတ်ဆက်ပေးပို့နိုင်ပြီး ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဆက်စပ်အကျိုးကျေးဇူးအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့်အတွက် SDG–2: “စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးရည်မှန်းချက်ကိုပြည့်မီစေရန်လည်း သွယ်ဝိုက်၍ အထောက်အကူပြုစေမည်ဖြစ်သည်။

( ၇ ) **ဆင်းရဲမှုလျှော့ချရေး (Poverty Reduction)**

ဆက်စပ် အကျိုးကျေးဇူးအနေဖြင့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်သည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ပြီး လူနေမှုဘဝမြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ SDG–1: “နေရာအနှံ့ ဆင်းရဲမှုအဆုံးသတ်ရေး” ရည်မှန်းချက်ကို ပြည့်မီစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ပြောင်းလဲစဉ်းစားသင့်သည်များ**

၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးသွားလာနိုင်သောကျေးလက်လမ်းများ ဖောက်လုပ်ပြီးစီးရေးအတွက် မဟာဗျူဟာမြောက်ချဉ်းကပ်မှု မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ တီထွင်ဆန်းသစ်သော အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်များကို သမားရိုးကျဘောင်အတွင်းမှ ဖောက်ထွက်စဉ်းစား၍ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါသည်။

( က) **ရင်းနှီးမြှုပ်နှံမှု (Investment)**

လမ်း၊တံတားများ၊ဆက်စပ်လုပ်ငန်းများ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လုံလောက်သောရန်ပုံငွေရရှိရန်နှင့် စနစ်တကျ ခွဲဝေသုံးစွဲရန် လိုအပ်ပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းဖြင့် မလုံလောက်သည့်အတွက် ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

( ခ ) **စီမံကိန်းရေးဆွဲခြင်း (Planning)**

ဒေသအလိုက်၊ မြို့နယ်အလိုက် တိကျသောလိုအပ်ချက်များနှင့် ပထဝီဝင်အနေအထားတို့ကို ထည့်သွင်းစဉ်းစားပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ နည်းပညာအပါအဝင် ဦးစားပေးအစီအစဉ်၊ CRRN သတ်မှတ်ချက်တို့နှင့်အညီ စီမံကိန်း၊ စီမံချက်များရေးဆွဲသင့်ပါသည်။ ကဏ္ဍနှင့်ဒေသချိတ်ဆက်မှု၊ ညှိနှိုင်းမှု၊ ကဏ္ဍအချင်းချင်း ပေါင်းစပ်ဆောင်ရွက်မှုများ ကောင်းမွန်ရန်လိုအပ်ပါသည်။

( ဂ ) **ကျေးလက်ပြည်သူပူးပေါင်းပါဝင်မှု (Collaboration Rural People)**

စီမံကိန်းများသည် ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မြေနေရာရရှိမှုနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများအား ပူးပေါင်းပါဝင်ခွင့်ပေးအပ်သင့်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



## မော်လမြိုင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းကုသပေး

မော်လမြိုင် ဒီဇင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက်ရှိ အနာဂတ်ဘဝ အဖွဲ့ (Future Life Organization) မှ ဖွင့်လှစ်ထားသော အထူးစောင့်ရှောက်မှုလိုအပ်သောကလေးများသင်တန်းသို့ သွားရောက်ပြီး ကျန်းမာရေးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြသည်။

**ထောက်ပံ့ပေး**

ကျန်းမာရေးစစ်ဆေးကုသပေးရာတွင် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ ပါဝင်သောအဖွဲ့များက “လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့” ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများ၊ ကလေးငယ် ၂၁ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများနှင့် ဗီတာမင်အားဆေးရည်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံပေး

အင်္ဂပူ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ကျေးလက်ကျန်းမာရေးဌာနတွင် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်မထိုးနှံရသေးသော အသက် ၂ နှစ်မှ ၅ နှစ်အရွယ် ကလေးငယ်များအား Cath Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အင်္ဂပူမြို့နယ် ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီက ဆောင်ရွက်ပေးရခြင်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အကြိမ်မပြည့်သေးသည့် ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။ **မန်းကျော်(ပြန်/ဆက်)**



## ရပ်စောက်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ် ထီးခမ်းကျေးရွာဘုန်းကြီးကျောင်းစုရပ်၌ ထီးခမ်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများအား “လူတိုင်းသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့” ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။




ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးတိုးရောဂါအခံရှိသူများ၊ နာတာရှည်ဝေဒနာရှင်များကို၊ ဆီးချို၊ သွေးချိုတိုင်းတာခြင်း၊ သွေးပေါင်ချိန်ပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါး အခမဲ့ကုသမှုပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံတပ်မတော်(ရေ)တို့မှ ရေပြင်ရန်ကာကွယ်ရေး၊ ဝေဟင်ရန်ကာကွယ်ရေး၊ ရေအောက်ရန်ကာကွယ်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ၂-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ လောက်ကိုင်တွင် သွားရောက်အလုပ်လုပ်ကိုင်၍ ပြန်လာသူများအား MNDAA မှ အတင်းအဓမ္မ စစ်သားစုဆောင်းနေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်ကြည်ရေး ခရီးနဲ့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းလုပ်ဆောင်ရန်အတွက် ရောက်ရှိနေတဲ့ တရုတ်နိုင်ငံက စစ်ရေယာဉ်တွေနဲ့ မြန်မာနိုင်ငံက စစ်ရေယာဉ်တွေဟာ မနေ့ ညနေကတည်းက ပူးပေါင်းရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီနံနက်မှာတော့ ရေပြင်ရန်ကာကွယ်ရေး၊ ဝေဟင်ရန်ကာကွယ်ရေး၊ ရေအောက်ရန်ကာကွယ်ရေးလေ့ကျင့်ခန်းတွေကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါတယ်။ လေ့ကျင့်ခန်းပြုလုပ်တဲ့နေရာကတော့ ရဲတံခွန်ရေနံမြေရဲ့ မြောက်ဘက်ပင်လယ်ပြင်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အားလုံး ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရပါတယ်။

နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့သူတွေကို လွှဲပြောင်းမှုနဲ့ပတ်သက်ပြီး ဒီနေ့မှာ အမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၆၇ ဦးကို လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ စုစုပေါင်း ၁၀၇၈၄ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံအနေနဲ့ အစိုးရချင်း၊ တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။





ဒီနေ့မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွေအနေနဲ့ကတော့ ရှမ်းပြည်နယ်(မြောက်ဘက်ပိုင်း)မှာတော့ ၁၀၅ မိုင်မှာ Drop Bomb နဲ့ တိုက်ခိုက်မှုတွေရှိခဲ့ပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်မြို့ရဲ့ အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ဒီနံနက်ပိုင်းမှာတော့ လားရှိုးနဲ့သီပေါကြားမှာ ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်က စဥ့်အင်တံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူတွေက မိုင်းခွဲတိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ မိုးဗြဲနေရာတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်မှာ ဒီနေ့နံနက်စောစောပိုင်းကစပြီး မြို့နဲ့ပတ်ဝန်းကျင် ငါးနေရာလောက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီညနေပိုင်းမှာတော့ အဝေးကနေပစ်ခတ်မှုပဲရှိပါတော့တယ်။ အဲဒီမှာလည်း ရန်သူတွေအနေနဲ့ ထိခိုက်ဒဏ်ရာရရှိတာများပြားတယ်လို့ သိရပါတယ်။ မနေ့ကညကတော့ ကော့ကရိတ်မြို့ကို လာရောက်တိုက်ခိုက်တဲ့ရန်သူတွေကို ကျွန်တော်တို့ဘက်က ခြေလျင်တပ်တွေနဲ့ လေယာဉ်ပူးပေါင်းတိုက်ခိုက်ခဲ့ရာမှာ ထိခိုက်ကျဆုံးမှုများပြားပြီး တချို့လူနာတွေကို တစ်ဖက်နိုင်ငံအထိပို့ပြီး ဆေးကုသမှုခံယူနေတယ်ဆိုတဲ့အကြောင်း သိရပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီး မန္တလေး-မူဆယ်လမ်းပိုင်းမှာရှိတဲ့ လမ်းတွေ၊ တံတားတွေ၊ ရေကျော်နေရာတွေ ဒီနေရာတွေကို တံတားတွေချိုးတာတွေ၊ လမ်းတွေမှာ ကျင်းတွေတူးပြီးတော့ သွားလို့လာလို့ မရအောင်လုပ်တာတွေ ဒါတွေကို အမြဲတမ်း ဆောင်ရွက်နေကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် လောက်ကိုင်မှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ လူတွေရှိပါတယ်။ ပြန်လာတဲ့အခါမှာလည်း အရွယ်ကောင်းတွေဖြစ်တဲ့ အသက် ၁၅ နှစ်နဲ့ ၄၀ ကြားမှာရှိတဲ့ လူငယ်တွေကို ပြန်လွှတ်မပေးဘဲနဲ့ MNDAA အနေနဲ့ ဖမ်းဆီးခေါ်ဆောင်ပြီး စစ်သားစုဆောင်းနေတယ်ဆိုတဲ့ သတင်းတွေလည်းရရှိပါတယ်။ အဓိကအနေနဲ့ ရှမ်းလူမျိုးနဲ့ တအောင်းတွေကို စုဆောင်းနေတယ်ဆိုတာ ကျွန်တော်တို့သိရပါတယ်။ သူတို့အနေနဲ့ ဒီမိုကရေစီအရေးပြီးရင် ဖက်ဒရယ်အရေးလို့ အမည်တပ်ထားပေမယ့် သူတို့လုပ်ကိုင်နေတဲ့ဟာတွေသည် အလုံးစုံပျက်သုဉ်းရေး၊ ပြည်သူတွေရဲ့ စီးပွားရေးကို အဓိကထိခိုက်တဲ့၊ လမ်းပန်းဆက်သွယ်ရေးကို အဓိကထိခိုက်တဲ့လုပ်ငန်းတွေ လုပ်ဆောင်နေတဲ့အပြင် အခုနောက်ပိုင်းမှာ အတင်းအဓမ္မစစ်သားစုဆောင်းမှုပါ လုပ်ဆောင်နေကြောင်း သိရပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးအနေနဲ့ ဝိုင်းဝန်းပြီး တိုက်ဖျက်သွားရမှာဖြစ်ပါတယ်။ ဒါမှမလုပ်နိုင်ဘူးဆိုရင် တိုင်းရင်းသားဒေသတွေမှာ ယခင်တုန်းကလိုပဲ စစ်ဘုရင်ဝါဒ ထပ်မံကြီးစိုးလာဦးမှာ ဖြစ်ပါတယ်။ လက်နက်အားကိုးပြီး လက်နက်နဲ့အနိုင်ကျင့်တဲ့ကိစ္စတွေ ထပ်မံပေါ်ပေါက်လာဦးမှာဖြစ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း





**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့်"တပ်မတော်သားအားလုံး ဘေးမသီရန်မခဘဲ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ ကျန်းမာပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်)မည်သူ မည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် သေဆုံးသူအရေအတွက် မြင့်တက်

ဂျေရုဆလင် ဒီဇင်ဘာ ၂

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်က ဟားမတ်စ်အဖွဲ့ကို စစ်ဆင်ရေးဆင်နွှဲမှုများ ပြန်လည်စတင်လျက်ရှိသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်သည့် လမ်းကြောင်းများ ပိတ်ပင်ထားခြင်းကြောင့် လူသားချင်းစာနာမှု အခြေအနေ ပိုမိုဆိုးရွားလာမည်ကို ကယ်ဆယ်ရေးအဖွဲ့များက စိုးရိမ်လျက်ရှိသည်။

ယာယီအပစ်အခတ်ရပ်စဲရေးကာလ သက်တမ်းကုန်ဆုံးပြီးနောက် ဂါဇာတောင်ပိုင်းရှိ ရာဖာနှင့် ခန်ရောင်နစ်မြို့များ အပါအဝင် ဂါဇာတစ်ဝန်းရှိ ပစ်မှတ် ၂၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ကြေညာခဲ့သည်။

တိုက်ပွဲများ ပြန်လည်စတင်ချိန်မှစ၍ လက်ရှိအချိန်အထိ ပြည်သူ ၁၇၈ ဦး သေဆုံးပြီး ၅၈၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ဟားမတ်စ်အဖွဲ့က အရပ်သားများအပေါ် အစ္စရေး၏တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံရှိ ဆာဒီရော့ဒ်မြို့နှင့် ဂါဇာနယ်စပ်အနီးရှိ နေရာများသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း လူမှုမီဒီယာတွင် ရေးသားဖော်ပြသည်။

ပါလက်စတိုင်း လခြမ်းနီအဖွဲ့၏ ရာဖာနယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို အစ္စရေးတပ်ဖွဲ့များက တားဆီးထားကြောင်း သိရသည်။

အီဂျစ်မှ ဂါဇာကမ်းမြောင်သို့ အကူအညီပေးရေး ထရပ်ကားများ ဝင်ရောက်ခြင်းကို ဒီဇင်ဘာ ၁ ရက်မှ စပြီး ပိတ်ပင်ထားသည်။

ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခြင်းကို ရပ်ဆိုင်းခြင်းသည် အရပ်သားများအတွက် ဒုက္ခရောက်စေမည်ဖြစ်သည့်အတွက် ထောက်ပံ့ရေးပစ္စည်းများကို အမြန်ဆုံး ဝင်ရောက်ခွင့်ပြုပေးရန် ပါလက်စတိုင်း လခြမ်းနီအဖွဲ့က တောင်းဆိုထားသည်။

ဂါဇာရှိပြည်သူများသည် သွားစရာနေရာမရှိသလို အသက်ရှင်သန်နေထိုင်ရန် အခွင့်အရေး အလွန်ပင် နည်းပါးလျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ မာတင် ဂရီဖ်ဖစ်က ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ရေးသားထားကြောင်း သိရသည်။

မာတင် ဂရီဖ်ဖစ်သည် လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး၏ လက်ထောက်အထွေထွေအတွင်းရေးမှူးဖြစ်သည်။

၎င်းသည် အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်





## တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး ထောက်လှမ်းရေးဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

ဆိုးလ် ဒီဇင်ဘာ ၂

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဆိုင်ရာ လှုပ်ရှားမှုများကို ပိုမိုကောင်းမွန်စွာ စောင့်ကြည့်နိုင်မည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး ထောက်လှမ်းရေးဂြိုဟ်တုကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ဂြိုဟ်တုတင်ဆောင်လာသည့် SpaceX Falcon 9 ဒုံးပျံကို ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၉ မိနစ်တွင် အမေရိကန်နိုင်ငံ အနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ်မှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂြိုဟ်တုကို ဒုံးပျံနှင့်ခွဲထုတ်ပြီး စီစဉ်ထားသည့်အတိုင်း ဂြိုဟ်ပတ်လမ်းအတွင်းသို့ ပို့လွှတ်ထားခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂြိုဟ်တုသည် အမြင့် ကီလိုမီတာ ၄၀၀ မှ ၆၀၀ ကြား၌ တည်ရှိကာ ကမ္ဘာကို လှည့်ပတ်မည်ဖြစ်သည်။ ၎င်းသည် မြေပြင်ပေါ်ရှိ စင်တီမီတာ ၃၀ ခန့် သေးငယ်သည့် အရွယ်အစားရှိအရာဝတ္ထုများကို ထောက်လှမ်းဖော်ထုတ်နိုင်ကြောင်း တောင်ကိုရီးယားမီဒီယာက သတင်းဖော်ပြသည်။

တောင်ကိုရီးယားသည် ၂၀၂၅ ခုနှစ်တွင် အာကာသအတွင်းသို့ နောက်ထပ်ထောက်လှမ်းရေးဂြိုဟ်တုလေးစင်း ထပ်မံပို့လွှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂြိုဟ်တုစနစ်ဖြင့် မြောက်ကိုရီးယားကို စောင့်ကြည့်လေ့လာခြင်းသည် မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှုဆိုင်ရာ ရွေ့ပြောင်းပုံရိပ်များကို ဖမ်းယူနိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော်က ဆိုသည်။

မြောက်ကိုရီးယားက ၎င်း၏ကိုယ်ပိုင်ထောက်လှမ်းရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ပြီးခဲ့သည့်လက ပြောကြားသည်။ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကာဒီနာလေတပ်စခန်း အပါအဝင် အိမ်ဖြူတော်နှင့် အမေရိကန်အခြေစိုက်စခန်းများ၏ ဓာတ်ပုံများကို ဂြိုဟ်တုမှ ရိုက်ကူးခဲ့ကြောင်းလည်း သိရသည်။ သို့သော် ပြုံယမ်းသည် မည်သည့်ဓာတ်ပုံကိုမျှ ထုတ်ပြန်ခြင်းမရှိသေးပေ။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဆိုမာလီယာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၊ ၁၀၀ နီးပါး သေဆုံး

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂

ဆိုမာလီယာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ၁၀၀ နီးပါး သေဆုံးပြီး ၇၅၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။



မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ချောင်းရေလျှံကာ ရေလွှမ်းမိုးမှုဒဏ်ကို အဓိကခံစားရသည့်ဒေသများမှာ အနောက်တောင်ပိုင်းရှိ Galmudug၊ Puntland၊ Hirshabelle နှင့် Jubaland နှင့် Banadir ဒေသတို့ဖြစ်ကြောင်း သိရသည်။

ဆိုမာလီပြည်သူ သန်းပေါင်းများစွာသည် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကို ရင်ဆိုင်နေရချိန်တွင် ရေကြီးရေလျှံမှုများကို ထပ်မံကြုံတွေ့နေရခြင်းဖြစ်သည်။

ယခုနှစ်ဩဂုတ်လမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ပြင်းထန်သောအာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရသည့် ငါးနှစ်အောက် ကလေးငယ်အရေအတွက် ၁ ဒသမ ၅ သန်းခန့်ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုအေဂျင်စီက ခန့်မှန်းပြောကြားသည်။

ပြည်သူ ၇ ဒသမ ၆ သန်း၏ဦးစားပေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျော် လိုအပ်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဆိုမာလီယာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်သည် လက်ရှိအချိန်အထိ တစ်ဘီလီယံကျော်သာ ရန်ပုံငွေရရှိထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## အီသီယိုးပီးယားနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ယခုအချိန်အထိ ၄၀၀ ကျော် သေဆုံး

အဒစ်အဘာဘာ ဒီဇင်ဘာ ၂

အီသီယိုးပီးယားနိုင်ငံ၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် ယခုအချိန်အထိ ၄၀၀ ကျော် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

လက်ရှိဖြစ်ပွားလျက်ရှိသည့် အရှေ့အာဖရိကနိုင်ငံများ၌ ရေကြီးရေလျှံမှုများသည် အီသီယိုးပီးယားနိုင်ငံအတွင်း ကာလဝမ်းရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးရွားစေကြောင်း အစီရင်ခံစာတွင် သတိပေးထားသည်။

နိုဝင်ဘာလအတွင်း ကာလဝမ်းရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးမှုအရေအတွက်သည် ယခင်လနှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းတိုးလာပြီး နိုဝင်ဘာ ၂၉ ရက်အထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၈၃၃၃ ဦးရှိပြီး ၄၀၄ ဦး သေဆုံးခဲ့သည်။



ကာလဝမ်းရောဂါဖြစ်ပွားနေသည့် ခရိုင်အရေအတွက် ပိုမိုများပြားလာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

နိုင်ငံအတွင်း၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုသည် ၂၀၂၂ ခုနှစ်ဩဂုတ်လတွင် စတင်ဖြစ်ပွားခဲ့သည်။

လက်ရှိတွင် ခရိုင် ၇၂ ခု၌ ပြည်သူ ၈ ဒသမ ၃ သန်းကျော်ကို ကာလဝမ်းရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံထားပြီးဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အရည်အသွေး လျော့ကျသော သောက်သုံးရေ သောက်သုံးခြင်းနှင့် စည်းကမ်းမဲ့ မစင်စွန့်ထုတ်ခြင်းများ အပါအဝင် ကာလဝမ်းရောဂါဖြစ်ပွားမှု၏ မူလဇာစ်မြစ်ကို ဖြေရှင်းရန် ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများက ကြိုးပမ်းလျက်ရှိသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် သိန်း ၇၇၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၄ ကီလို သိမ်းဆည်းရမိ



ပေါင်ရှင်းလာလ်၊ မဒိမ်ရှင်းဟွဲ့နှင့် မကျိန်ရှင်းဟွဲတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ်သိန်း ၇၇၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ ဒိုကိပ်လျန်၏နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်တွင် ပေါင်ရှင်းလာလ်၊ မဒိမ်ရှင်းဟွဲ့နှင့် မကျိန်ရှင်းဟွဲတို့အား ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၇၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၅ ဒသမ ၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများအား ကလေးမြို့မှ တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

တောင်ဥက္ကလာပနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာလမ်းရှိ အောင်ထွန်းလင်း(ခ)အန်းတိတ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၀၀ နှင့် ဆေးခြောက် ၁ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေ့ရဲမြို့ရှောင်လမ်းတွင် မောင်ဂျင်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ




အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံး National Ice Maker And Refri-gerator တစ်လုံး၊ Sapporo Japan Beer ဘူး ၄၈၀၊ ဂျပန်နိုင်ငံထုတ် Collagen ဘူး ၈၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၇၁၀၀၀၀)၊ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Capaci-tor Start Motor အလုံး ၁၀၀ အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၇၁၅၀၀)နှင့် ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၁၅၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် AIKONI Motor Oil ကီလိုဂရမ် ၂၀၀ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၉၈၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ္တရာ-မန္တလေး ကားလမ်း ရွှေကျင်တိုးဂိတ်အနီး မိဘမေတ္တာ ကုန်စုံဆိုင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၃၀၀၊ ပုစွန်နှစ်ကောင် စားအုန်းဆီ ငါးလီတာပါ ဘူး ၂၀၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ တစ်လီတာပါ ဘူး ၁၉၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၄၄၀၀၀၀)၊ Lactasoy ပဲနို့ဘူး ၇၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၂၄၀၀၀)၊ Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၂၀၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)၊ Quick ခေါက်ဆွဲခြောက်ထုပ် ၂၈၈၀ နှင့် Malee Fruit Juice အချိုရည်ဘူး ၄၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၄၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၀၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Waist Coat အင်္ကျီ အထည် ၁၉၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၂၁၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၄၄၇၀၄)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးလက်ကိုင်အိတ်အလုံး ၉၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၄၈၉၄၇၀၄ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု(ခန့်မှန်းတန်ဖိုးငွေ ၄၁၀၈၉၇၂၀၄ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၂-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၂၀ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၀)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ ရန်ကုန်တက္ကသိုလ်(၁၀၃)နှစ်မြောက် ဝုဏ်ပြုအစီအစဉ် 'ကုံကော်မြို့တော်' တေးဂီတပျော်ပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၅ အသိပညာနှင့်အမှန်တရား
၁၂:၃၀ This Week's Speical Interest
၁၃:၀၀ MRTV National News
၁၃:၃၅ ဆေးရောင်စုံရုပ်ရှင် 'နှစ်ကျော့ကွက်နင်းတဲ့ယောက်ဖ' (ရန်အောင်၊ ပြေတီဦး၊ သက်မွန်မြင့်)
၁၆:၃၅ Sports Diary
၁၇:၁၅ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (Video Clip)
၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ)(တတိယပိုင်း)
၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြီ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလား' (အပိုင်း-၁၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'နှလုံးသားထဲက အနုပညာပြယုဂ်များ' 'ဒါရိုက်တာဟိန်းစိုး' (အပိုင်း-၂)
၂၁:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း 'နှင်းဒါးဗိုင်' (နေတိုး၊ ရန်ကျော်၊ ဝတ်မှုန်ရွှေရည်)

### mitv

07:01 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 Myanmar Sculpture-work of Art
07:26 Offering the Lotus Robe of its Kind
07:50 Kay Tu Mar Lar "The Family"
08:01 News
08:27 Myanmar Handicrafts
09:01 The Promising Aquarium Fish Farming in Myanmar
09:29 Today Myanmar:The 2023 Technological Equipment and Industrial Products Exhibition and Tazaungtaing Sale Festival
09:38 A Glimpse of Taungoo & its Delicacies
09:52 International Day of Persons with Disabilities
10:01 News
10:37 Dhammayangyi Temple

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၁)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
စာမြိန်ဖွယ်ရာပျို့မေ့လက်ရာ (ရှမ်းရိုးရာငါးပေါင်းအစားအစာ)
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
စားချင်စဖွယ်ကချင်ဆာပြယ်
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၇)
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၁၀)
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အားမနာနဲ့စားဒါအကုန်ဘဲ(ဇာတ်လမ်း)
**ချင်း (လိုင်းဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
စံပယ်ပန်းအစွမ်းမွှေးကြိုင်လန်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၄၅ Next Level
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၄၅ News Desk
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရဲအဆုံးကုန်းတစ်ဝက်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂၁)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ ဇတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
၀၆:၃၀ ဖမြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Kijukiro Japan Movie (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ Haunted Mansion 2023 Movie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ နပျိုသက်ရှည်ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှားကစားစို့

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက် လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရ သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက် လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၂၅၈ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၆၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၅၉၇ ဦး၊ အမျိုးသမီး ၁၁၈၇ ဦး စုစုပေါင်း ၁၀၇၈၄ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ် သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက် နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပ နိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည် လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင်ပြည်ဖျက်မီဒီယာ ခေတ်သစ်မှ ကောလာဟလသတင်းတု သတင်းအမှားများအား လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ရန်ကုန်တိုင်းလွှတ်တော်အနီး တွင် ဒီဇင်ဘာ ၁ ရက် ညပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်အတွင်းထဲသို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ် ခဲ့ကြောင်းနှင့် တောင်ငူလေတပ်အတွင်းသို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာ လေယာဉ်ထားသည့် ဂိုဒေါင်ရှေ့ကျရောက်ပေါက်ကွဲခဲ့ကြောင်း စသည့် အခြေအမြစ်မရှိသော သတင်းတု သတင်းအမှားများအား ခေတ်သစ်မီဒီယာ မှ လုပ်ကြံဖန်တီး၍ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ ထံ ဆက်သွယ်မေးမြန်းခဲ့ရာ ရန်ကုန်တိုင်းလွှတ်တော်အနီးတွင် မည်သည့် ပေါက်ကွဲမှုမျှမရှိကြောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းဝင်းအတွင်းနှင့် တောင်ငူလေတပ်အတွင်းသို့လည်း ဒရုန်းဖြင့် လာရောက်ဗုံးကြဲခြင်းမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို နေ့ညမပြတ် ထမ်းဆောင်လျက်ရှိပြီး အထက်ပါသတင်း များသည် မဟုတ်မမှန် ကောလာဟလသတင်းများသာဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင် ခေတ်သစ်မီဒီယာအပါအဝင် အခြား ပြည်ဖျက်မီဒီယာများသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ်အခြေခံ၍ သတင်းတု သတင်းအမှား မြောက်မြားစွာကို လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်ကိုက် နေ့စဉ်ရေးသားဖြန့်ဝေ၍ ပြည်သူများ စိုးရိမ်ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာအောင် ရည်ရွယ်ချက် ရှိရှိ လှုံ့ဆော်ရေးသား လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## ပဲခူးတိုင်းဒေသကြီး ရေတာရှည်နှင့် ဝေါမြို့နယ်တို့တွင် ပြည်သူ့စစ်များ လူသစ်ရှာနေသည်ဟု တရားမဝင်မီဒီယာတစ်ခုဖြစ်သည့် Myanmar Now မှ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ဝေါမြို့နယ်တို့တွင် ပြည်သူ့စစ်များက တပ်ဖွဲ့ဝင် သစ်များ ရှာဖွေစုဆောင်းရန် ကျေးရွာအုပ်ချုပ် ရေးမှူးများကို စေခိုင်းနေပြီး ၎င်းတို့နှင့် နီးစပ် သည့် လူငယ်များအား စစ်ကြောင်းထိုးသည့် အချိန် စည်းရုံးခြင်းနှင့် ခေါ်မရပါက အုပ်ချုပ်ရေး အဖွဲ့ဝင်ဟောင်းများအား လုံခြုံရေးအတွက် လူစုရန်ဖိအားပေးခြင်းတို့ကို လုပ်ဆောင်လျက် ရှိသည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် သတင်းများအား ရေးသားဖြန့်ဝေ လျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ သည် အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ ကိုခုခံပြီး နိုင်ငံအပေါ်ချစ်မြတ်နိုးစိတ်၊ မိမိတို့၏ မြို့၊ ရွာများကို စောင့်ရှောက်လိုစိတ်များကြောင့် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း ကာကွယ်နေခြင်းကို တရားမဝင် ပြည်ဖျက် မီဒီယာများက ဒေသခံပြည်သူများအနေဖြင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားလာစေရန်အတွက် လူမှုကွန်ရက် စာမျက်နှာတွင် သတင်းတု၊ သတင်းအမှားများ ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေ ခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံ ဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှ ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့ လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း ဒီဇင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင် ခဲ့သည့် "May April" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ် ပရပတ် ကျေးရွာနေ သဲနုလှိုင်အား မွန်းလွဲ ၁ နာရီ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် ဝဥခြောက်လုပ်ငန်း

နိုင်ငံတော်က နိုင်ငံ့စီးပွားမြင့်မားစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်အတွက် ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်တွင်းထုတ်ကုန်တိုးမြှင့်စေနိုင်ပြီး တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နေသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျောက်တန်းနယ်မြေစက်မှုဇုန်ရှိ ရွှေဝါမြေဝဥအခြောက်စက်ရုံမှ တာဝန်ရှိသူတစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်များကို ဖော်ပြလိုက်ရပါသည်-



မေး။ ။ ရွှေဝါမြေ ဝဥအခြောက်စက်ရုံကို ဘယ်အချိန်က စတင်တည်ထောင်ခဲ့ပါသလဲ။

ဖြေ။ ။ ကျောက်တန်းကျေးရွာ ကျောက်တန်းနယ်မြေစက်မှုဇုန် စတင်တည်ထောင်ခဲ့တဲ့ ၂၀၁၉ ခုနှစ်မှာ စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

မေး။ ။ ဝဥအခြောက် ပြုလုပ်ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ။ ။ ဝဥအခြောက်လုပ်ငန်းကို ပြည်တွင်းမှာ သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပြီး ပြည်ပဝင်ငွေကို လုံလုံလောက်လောက်ရရှိကာ နိုင်ငံတော်အတွက် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းဖြစ်တာကြောင့် အခုလို ဝဥအခြောက်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရတာဖြစ်ပါတယ်။

မေး။ ။ ဝဥအခြောက်ပြုလုပ်နိုင်ဖို့အတွက် ဝဥကုန်ကြမ်းတွေကို ဘယ်မြို့နယ်ဒေသတွေကနေ ဝယ်ယူရရှိခဲ့ပါသလဲ။

ဖြေ။ ။ ဝဥအစိုကုန်ကြမ်းတွေကို ဝဥစိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသတွေဖြစ်တဲ့ မွန်ပြည်နယ်က ဘီးလင်း၊ ကျိုက်ထို၊ သထုံ၊ ရေးမြို့နယ်တို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်နဲ့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ ကောကရိတ်မြို့တွေက ဝဥအစိမ်းတစ်ပိဿာကို ငွေကျပ် ၁၀၂၀ နဲ့ ဝယ်ယူရရှိခဲ့ပါတယ်။

မေး။ ။ ဝဥအစိုကနေ ဝဥအခြောက်ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပေးပါဦး။

ဖြေ။ ။ ဝဥအစိုတွေကို ဝယ်ယူရရှိခဲ့တဲ့အချိန်ကစပြီး မြန်မြန်အခြောက်ခံနိုင်မှ ဆုံးရှုံးမှု သက်သာနိုင်မှာဖြစ်လို့ ဝယ်ယူလာတဲ့ ဝဥအစိုတွေကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီး အမြစ်အနာတွေ လှီးဖြတ်ရပါတယ်။ အဲဒီနောက် ဝဥဖြတ်စက်ပေါ်ကို ပို့ဆောင်ဖြတ်တောက်ပြီး ပေါင်းခံစက်အတွင်း ပေါင်းခံကာ အခြောက်ခံစက်အတွင်း မိနစ်အနည်းငယ်ကြား အခြောက်ခံပြီးမှသာ ဝဥအခြောက်ဖတ်တွေ ထုတ်လုပ်ရရှိတာဖြစ်ပါတယ်။ ဝဥအခြောက်ဖတ်တွေ ပြုလုပ်ဆောင်ရွက်သလို ဝဥအခြောက်မှုန့်တွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ဝဥအခြောက်ဖတ်တွေနဲ့ အမှုန့်တွေကို ဘယ်နိုင်ငံတွေကို တင်ပို့ရောင်းချပါသလဲ။

ဖြေ။ ။ ဝဥအခြောက်ဖတ်တွေကို တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေကို အများဆုံးတင်ပို့ရောင်းချနိုင်ပြီး ဝဥအမှုန့်တွေကို ဂျပန်နိုင်ငံကို တစ်တန်လျှင် ဒေါ်လာ ၅၀၀/၆၀၀ ဝန်းကျင်နဲ့တင်ပို့ရောင်းချလျက်ရှိပါတယ်။

မေး။ ။ ဝဥအခြောက်တွေကို ဝယ်ယူပြီး ဘယ်လိုအသုံးပြုပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဝဥအစိုကို အသားတုပြုလုပ်ပါတယ်။ ဝဥအစိုကို ကြိတ်ပြီး ဝဥသုပ်ပြုလုပ်ပြီး သက်သတ်လွတ်စားသုံးသူတွေအတွက် အဆင်ပြေစားသုံးနိုင်ပါတယ်။

မေး။ ။ ဝဥစားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။

ဖြေ။ ။ ဝဥမှာ အမျှင်ဓာတ်နဲ့ ပိုတက်ဆီယမ်ပါဝင်လို့ နှလုံးကျန်းမာရေးကို ပိုကောင်းစေပါတယ်၊ အဆီပိုတွေ လျှော့ချပေးတယ်၊ ခန္ဓာကိုယ်အတွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပြီး အရွယ်နုပျိုစေတယ်၊ ခုခံနိုင်စွမ်းအားကောင်းစေတယ်။

မေး။ ။ ဝဥအခြောက်လုပ်ငန်းနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာတွေ ရှိရင်လည်း ပြောကြားပေးပါဦး။

ဖြေ။ ။ ဝဥအခြောက်လုပ်ငန်းကို အရင်က မိရိုးဖလာအတိုင်း လက်လုပ်ရောင်းချရာမှာ ဈေးနှိမ်ခံရပါတယ်။ အခုကျတော့ စက်ကိရိယာပစ္စည်းတွေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်တာဖြစ်လို့ ပြည်ပဝင်ငွေတိုးကာ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက နိုင်ငံခြားဝင်ငွေရရှိတဲ့အတွက် များစွာဝမ်းသာပီတိဖြစ်ရပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ခင်စန်းမြင့်(IPRD)**
**ဓာတ်ပုံ - စည်သူစိုး**









## ညောင်ဦးမြို့နယ်၌ ပင်ပြန့်မြေပဲများ စတင်နုတ်သိမ်းနေပြီး မြေပဲခြွေစက်များ အသုံးပြုမှုများလာ

ညောင်ဦး ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပင်ပြန့်မြေပဲခေါ် ခြောက်လမြေပဲ နုတ်သိမ်းချိန် မြေပဲခြွေစက်များ အသုံးပြုမှုများလာခြင်းကြောင့် မြေပဲစိုက်ပျိုးတောင်သူများ လုပ်ငန်းလုပ်ကိုင်ရာတွင် အမြန်ပြီးစီးမှုများလာပြီး ကုန်ကျစရိတ်လည်း သက်သာလာကြောင်း ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ ပင်ပြန့်မြေပဲစိုက်ပျိုးတောင်သူ ဦးစိုးတင်ထံမှ သိရသည်။

### အထွက်နှုန်းကောင်းမွန်

ညောင်ဦးမြို့နယ်တွင် ပင်ပြန့်မြေပဲခေါ် ခြောက်လမြေပဲများ စိုက်ပျိုးမှု ယခုနှစ်တွင် များပြားခဲ့ပြီး မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ မြေပဲများ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းလည်းကောင်းမွန်ခဲ့ကြောင်း၊ ခြောက်လမြေပဲများ စတင်စိုက်ပျိုးချိန်က မြေပဲဆန်တစ်တင်း ငွေကျပ် ၈၀၀၀၀ ပေးဝယ်စိုက်ပျိုးခဲ့ရပြီး မြေယာထွန်ယက်ခ ထွန်စက်



တစ်နာရီ ငွေကျပ် ၃၁၀၀၀၊ နွားတစ်ရှဉ်းတစ်မနက်ထွန်ယက်ခ ငွေကျပ် ၁၀၀၀၀၊ မြေပဲစိုက်သမတစ်ဦး ငွေကျပ် ၃၅၀၀ ပေး စိုက်ပျိုးခဲ့ရပြီး မြေပဲနုတ်သိမ်းချိန် မြေပဲနုတ်လွယ်ကူစေရန် ထွန်စက်ဖြင့် သံခေးဖြတ်ပြီး မြေပဲစုအလုပ်သမားများ ပြန်လည်ငှားရကြောင်း၊ မြေပဲပင်များ တစ်နေ၊ နှစ်နေလှန်းပြီးချိန် မြေပဲတောင့်ခြွေစက်များ အသုံးပြုခြွေခြင်းများကြောင့် အချိန်ကုန်ကျမှုသက်သာစေပြီး လုပ်ငန်းလည်ပတ်မှုလည်း လျင်မြန်စေကာ မြေပဲခြွေလှေ့ခ တစ်တင်း ငွေကျပ် ၅၀၀၀ သာ ပေးရခြင်းက မြေပဲခြွေလှေ့စက်များ အသုံးပြုမှု တွင်ကျယ်လာစေကြောင်း သိရသည်။ ညောင်ဦးမြို့နယ်တွင် ယခုနှစ်မိုးရွာသွန်းမှု ကောင်းခြင်းကြောင့် မြေပဲအထွက်နှုန်းကောင်းမွန်ပြီး မြေပဲတစ်တင်းကျ(ချ)စိုက်ပျိုးမှု မြေပဲတင်း ၆၀ မှ ၆၅ တင်းအထိ ထွက်ရှိခဲ့ပြီး ကျေးလက်တောင်သူများ မျှော်လင့်နေသည့် မြေပဲအထွက်နှုန်းလည်းဖြစ်ကြောင်း သိရကာ မြေပဲခြွေလှေ့စက်များ အသုံးပြုမှုများလာကြောင်း မြေပဲစိုက်ပျိုးတောင်သူများထံမှ သိရသည်။ မြေပဲစိုက်ပျိုးတောင်သူများ မြေပဲဆန် တစ်ပိဿာ ငွေကျပ် ၅၀၀၀ ဖြင့် ပြန်လည်ရောင်းချနေရပြီး မြေပဲ အထွက်နှုန်းမှာ မျှော်လင့်နေသည့်အထွက်နှုန်းဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

# လူငယ်တွေကို စာပေအနေနဲ့ အကြံပြုလိုတာက စာပေနယ်ဆိုတာ ဖြတ်လမ်းမရှိပါဘူး။ ရိုးရိုးကျင့် မြင့်မြင့်ကြံပါ။ ကြိုးစားပါ။ ခေတ်နဲ့အညီ ဆန်းသစ်ပါ၊ တီထွင်ပါ။ ယုံကြည်ချက်နဲ့ ရည်မှန်းချက်ထားကြပါ။ အောင်မြင်ကြမှာပါ

**မြေလတ်မောင်မြင့်သူ**

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူအား တွေ့ဆုံမေးမြန်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဘာသာရပ်-ရသစာတမ်း(အက်ဆေး)**
**စာရေးသူ-မြေလတ်မောင်မြင့်သူ**
**စာအုပ်အမည်-နာမည်လေးမွေးလို့ ချစ်ချင်သည်**

“ဒီစာအုပ်ဖြစ်လာဖို့အတွက် ကိုဗစ်မတိုင်မီကာလကတည်းက စီစဉ်ခဲ့တာပါ။ အကြောင်းအမျိုးမျိုးကြောင့် မထွက်ဖြစ်ခဲ့ဘဲ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှပဲ စာအုပ်ထွက်ခဲ့ပါတယ်။ စာမူတွေကတော့ ကျွန်တော့်ရဲ့ထုံးစံအတိုင်း ကျေးလက်ပုံရိပ်၊ အမေ့အလွမ်း၊ ရွာအလွမ်း၊ ဘဝဒဿန၊ လောကအမြင်နဲ့ ကျေးဇူးဆပ်စာမျက်နှာတွေ ပါဝင်ပါတယ်။ ရေးခဲ့သမျှစာအုပ်တွေထဲမှာ အားအရဆုံးစာအုပ်တစ်အုပ်ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်မှာ စာပေလောကကို ကဗျာရေးသားခြင်းနဲ့ စတင်ဝင်ရောက်ခဲ့ပြီး ငွေတာရီ၊ မြဝတီမဂ္ဂဇင်းတွေမှာ ကဗျာတွေ ဆက်လက်ရေးသားခဲ့ပါတယ်။ စာရေးသက် နှစ်နှစ်လောက်ကြာတော့ ကလေးကဗျာတွေ ဆက်ရေးဖြစ်ပါတယ်။ အဲဒီ ကလေးကဗျာတွေနဲ့မှ လူပိုသိသွားပါတယ်။ စာရေးသက်သုံးနှစ်လောက်ကြာတော့ ဝတ္ထုတို၊ ဆောင်းပါးတွေ ရေးဖြစ်ခဲ့ပါတယ်။ မဂ္ဂဇင်းမျိုးစုံအောင် ရေးသားခဲ့ပါတယ်။ စာအုပ်ပေါင်း ၂၇ အုပ် ထွက်ရှိခဲ့ပြီး စာပေဆု ၂၁ ဆု ရရှိခဲ့ပါတယ်။

စာရေးဆရာ၊ ကဗျာဆရာဆိုတာ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ရေးပြီးတိုင်း စာတစ်အုပ် ကဗျာတစ်အုပ်ဖြစ်ချင်ကြတာချည်းပါပဲ။ ဒါပေမဲ့ အများစုကတော့ မဖြစ်နိုင်ခဲ့ကြပါဘူး။ နောက်ပြီး စာအုပ်ဖြစ်လာပြန်တော့လည်း စာပေဆုရရှိဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်။ စာပေဆုဆိုတာ နတ်ကြီးပါတယ်။ ဒါကြောင့် အခုလိုဆုရရှိတဲ့အတွက်ကြောင့် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရွေးချယ်တဲ့ဆရာသမားတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။

လူငယ်တွေကို စာပေအနေနဲ့ အကြံပြုလိုတာက စာပေနယ်ဆိုတာ ဖြတ်လမ်းမရှိပါဘူး။ ရိုးရိုးကျင့် မြင့်မြင့်ကြံပါ။ ကြိုးစားပါ။ ခေတ်နဲ့အညီ ဆန်းသစ်ပါ၊ တီထွင်ပါ။ ယုံကြည်ချက်နဲ့ ရည်မှန်းချက်ထားကြပါ။ အောင်မြင်ကြမှာပါ”ဟု ပြောကြားသည်။

စာရေးဆရာ မြေလတ်မောင်မြင့်သူအား အဘ ဦးအောင်ချစ်- အမိ ဒေါ်အေးတို့မှ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် စာရပေအနောက်စုရွာ၌ ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းကိုးဦးအနက် အကြီးဆုံးဖြစ်ကာ အမည်ရင်းမှာ ဦးတင်မောင်မြင့်ဖြစ်သည်။



စာရေးဆရာ
မြေလတ်မောင်မြင့်သူ

မူလတန်းပညာကို စာရပေအနောက်စုရွာ၊ အောင်လံမြို့ ရွာထောင်ရွာနှင့် တောင်တွင်းကြီးမြို့နယ် ချောင်းနက်အရှေ့စုရွာတွင် လည်းကောင်း၊ အလယ်တန်းပညာကို အောင်လံမြို့ အလယ်တန်းကျောင်းတွင် လည်းကောင်း၊ အထက်တန်းပညာကို အောင်လံမြို့ အထက်တန်းကျောင်းတွင် လည်းကောင်း ဟိုက်စကူးဖိုင်နယ်အထိနေခဲ့ပြီး ဆယ်တန်းကို ရန်ကုန်မြို့တွင် အလွတ်ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ရခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ် ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းပါ “နွေစေတနာ”ကဗျာဖြင့် စာပေလောကသို့ ရောက်ရှိခဲ့ပြီး ယနေ့အထိ ဝတ္ထု၊ ဆောင်းပါး အပုဒ်ရေ ၁၀၀ ကျော်၊ အက်ဆေး ၁၀၀ ကျော်နှင့် ကဗျာအမြောက်အမြား ပုံနှိပ်ဖော်ပြပြီးဖြစ်သည်။

ထုတ်ဝေပြီး ကဗျာစာအုပ် ၁၅ အုပ်၊ ဆေးပညာပေး ကျန်းမာရေးစကားဝိုင်းစာအုပ် သုံးအုပ်၊ ကဗျာရေးနည်း ဆောင်းပါးစာအုပ် တစ်အုပ်၊ အက်ဆေးစာအုပ် ခြောက်အုပ်နှင့် ၂၀၁၇ ခုနှစ်တွင် ဝတ္ထုတိုငါးဆယ်အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်၊ ၂၀၁၈ ခုနှစ်တွင် အလှဆယ့်နှစ်လီ စာပန်းချီ အမည်ဖြင့် ရာသီစာမှတ်စုတစ်အုပ် ထွက်ရှိခဲ့သည်။

အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ကျိုက္ကလော့အမေ့မေတ္တာစာပေဆု၊ ရုပ်ရှင်အမြုတေ ၅၂၀ မေတ္တာဘွဲ့စာပေဆု၊ မဟောသဓာ ဝတ္ထုရှည်ဝေဖန်ရေးဆောင်းပါးဆု၊ ရွှေအမြုတေ အက်ဆေးဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် မတ္တရာမြို့ ရေနည်းငါးလေးများ ရွှေအက်ဆေးဆုတို့ ရရှိခဲ့သည်။

ဆရာမြေလတ်မောင်မြင့်သူ၏ အမျိုးသားစာပေဆုရ ကြက်တောင်စည်းနှင့်မစံပယ် ကလေးကဗျာစာအုပ်မှ ကဗျာအချို့ကို မူလတန်းကျောင်းသုံး စာရိတ္တပညာနှင့် ပြည်သူ့နီတိဘာသာရပ်တွင် ပြဋ္ဌာန်းလျက်ရှိသည်။ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ CENTER FOR DIVERSITY AND NATIONAL HARMONY (CINI) က ထုတ်ဝေသော ပြည်သူ့နီတိနှင့် ယဉ်ကျေးမှုကလေးကဗျာစာအုပ်တွင်လည်း ကဗျာအချို့ကို ပြဋ္ဌာန်းသင်ကြားလျက်ရှိသည်။

ရယ်စရာမဂ္ဂဇင်း၊ ပိတောက်နွယ်မဂ္ဂဇင်း၊ ပြုံးစရာမဂ္ဂဇင်းနှင့် ပေဖူးလွှာမဂ္ဂဇင်းတို့တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး FACES(မုခ) မဂ္ဂဇင်းတွင်လည်း ဒုအယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ မီးအိမ်သစ်၊ ရွာဆော်ကြီး ကလောင်အမည်တို့ဖြင့် ဝေဖန်ရေးစာပေများလည်း ရေးသားခဲ့သည်။ ယခုအခါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မိသားစုနှင့်အတူနေထိုင်လျက် စာပေများ ရေးသားနေဆဲဖြစ်သည်။ ။

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများနှင့် ဟောပြောပွဲကျင်းပ

## ဒလ

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) ပညာရတနာခန်းမ၌ ကျင်းပသည်။

**ဟောပြော**

ဦးစွာ ဟောပြောပွဲတွင် အထက်တန်းပြဆရာမ ဒေါ်ယဉ်ယဉ်မွန်အောင်က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦး၏ အမည်များ၊ အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် အမျိုးသားရေးစိတ်ဓာတ် အမွေကို ဆက်လက်ခံယူကြရန် ဟောပြောကြသည်။

ထို့နောက် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ဆက်လက်ပြုလုပ်ရာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြင့်ဇော်(ပြန်/ဆက်)**



## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်က အထက(၁)၌ ကျင်းပပြီး ဟောပြောပွဲများကို အထက်တန်းကျောင်းများတွင် ကျင်းပကြသည်။

ဦးစွာ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကိုကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် အမျိုးသားနေ့တို့မမေ့ ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူ ၃၅ ဦးပါဝင်ယှဉ်ပြိုင်၍ ကဗျာပြိုင်ပွဲတွင် လူငယ်နှင့်မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲတွင် အမျိုးသားနေ့အောင်ပွဲ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



**အဖွင့်အမှာစကားပြောကြား**

ထို့နောက် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး အထက(၁)မြိတ် အထက်တန်းပြဆရာမ ဒေါ်အိမွန်ကျော်က အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်နှင့်ပတ်သက်၍ ဟောပြောသည်။

ထို့အတူ အထက(၈)၊ အထက(၆)နှင့် အထက(၂)တို့တွင်လည်း ကျင်းပကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ ထာဝစဉ်ရှင်သန်အမျိုးသားရေးအားမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်များဖြင့် ဟောပြောကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**


## ပင်းတယ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ “အမျိုးသားနေ့”ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၇ ဦးနှင့် “အမျိုးသားနေ့တို့မမေ့”ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ချစ်နိုင်(စိတ်ပညာ)၏ အောင်စေသတည်း စာအုပ်ထွက်ရှိ





စာရေးသူသည် အဆိုပါစာအုပ်တွင် အထူးသဖြင့် လူငယ်တွေအရည်အသွေးတောက်ပြောင်ကြရပေလိမ့်မည်။ စာရေးသူတို့ ရှင်သန်ဖြတ်သန်းခဲ့ရသော နှစ်ဆယ်ရာစုထက် ယခုလက်ရှိလူငယ်များ၏ နှစ်ဆယ့်တစ်ရာစု ခေတ်ကာလသည် သူတကာနှင့် ယှဉ်ပြိုင်ကြရသဖြင့် အရာရာတွင် အနိုင်ရစေချင်မိသည်။ လူသားစွမ်းရည် ဗလငါးတန်ဖွံ့ဖြိုးရေးသည် အရေးကြီးလှသည်။ နယ်မြေအန္တရာယ်ခရီးဆန့်၍ ဒေသများစွာကို ထိတွေ့လေ့လာပြီး မမြင့်လွန်း၊ မနိမ့်လွန်းအောင် ပရိသတ်စာဖတ်သူတို့၏ အာရုံနှင့် ဆီလျော်ကိုက်ညီအောင် ကြိုးစား၍ ရေးသားထားသည်။

စနစ်တကျဆင်ခြင်သုံးသပ်၍ အမှားသင်ခန်းစာကို ရှောင်၊ အမှန်အကျိုးရှိသည့်နမူနာများကို ယူဆောင်ကာ ရှေ့အနာဂတ်ခရီးကို အောင်မြင်အောင် တက်လှမ်းကြရမည်။ စာရေးသူ၏ ဘဝတက္ကသိုလ်ကြီးထဲဝယ် သုတေသနပြုရင်း၊ ရှာဖွေစုဆောင်းရင်း၊ စာတမ်းတွေ၊ ကျမ်းတွေပြုစုဖတ်ကြားနေသကဲ့သို့ စူးစိုက်အားထည့်၍ လေ့လာနေဆဲ၊ မည်သူကိုမှ ဆရာမလုပ်ဘဲ ပညာယူဘက်၊ ပညာရှာဖော်၊ အတူတကွ ပညာဆည်းပူးနေသူအချင်းချင်း ပွင့်လင်းရင်းနှီးစွာ ရေးသားခဲ့သော ဆောင်းပါးများကို လက်ရွေးစင် ရွေးသီကုံးထားပါသည်။ စိတ်ရင်း၊ အမှန်တရားအရှိအတိုင်း "အောင်စေသတည်း "ဟုအားပေးစကားဖြင့် စာဖတ်သူတို့ လေ့လာမှတ်သား ကိုးကားနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို တန်ဖိုး ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

## သေနုပဂ သုတ ရသ စစ်အချစ် ဝတ္ထုပေါင်းစည်းမှု




စာရေးသူ ဆမားဦးခင် စီစဉ်ရေးသားသည့် သေနုပဂ သုတ ရသ စစ်အချစ် ဝတ္ထုပေါင်းစည်းမှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဝိညာဉ်များနှင့် မိတ်ဆက်ခြင်းခေါင်းစဉ်ဖြင့် ဖိုးဆမားတို့က ကလေးအရွယ်ငယ်သေးသဖြင့် ခရစ္စမတ်ပွဲလည်း သီချင်းနားထောင်ရ၊ မုန့်နှင့်ကစားစရာလည်းရ၍ ပျော်သလို ဗုဒ္ဓဘာသာပွဲလမ်းသဘင်များတွင်လည်း ဖိုးဆမားတို့ကလေးတစ်သိုက် အဝတ်အစားအသစ် ဝတ်ဆင်ကြရပြီး အလှူရှင်များက လှူဒါန်းသော စတုဒိသာအကျွေးအမွေးကို ဗိုက်ကားအောင် လှည့်လည်စားသောက်ပြီး သူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားကြကာ အပူအပင်မရှိ ပျော်ရွှင်ခဲ့ကြရသည်။

သီတင်းကျွတ်မီးထွန်းပွဲတွင် ဖိုးဆမားတို့ကလေးများ အပျော်ရွှင်ဆုံးဖြစ်သည်ဟု ဆိုရပါမည်။ မိဘများကလည်း မီးထွန်းလျက် တွန်းရွှေ့ ကစားရသော တိရစ္ဆာန်အရုပ် တွန်းလှည်းရောင်စုံအရုပ်လေးများကို လိုလိုလားလားဝယ်ပေးကြကာ ဆော့ကစားစေပြီး အသံမြည်သော ဖြောက်အိုး၊ မီးပန်းများကို မိဘများက ဝယ်ပေးကြ၍ ဖိုးဆမားတို့ ကလေးတစ်စု စုပေါင်းကာ ဆော့ကစားကြရသည်ကို ယနေ့တိုင်မေ့မရနိုင်သည်မှာ ပျော်ရွှင်ဖွယ်ရာ ကလေး ဘဝများဖြစ်ခဲ့သည်။

အလားတူ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ပွဲကား ဖိုးဆမားတို့ကလေးများအဖို့ ဖခင်၏ ရေလုံ စစ်ဘေးလွယ်အိပ်ထဲ ရေထည့်လွယ်ကာ သံပိုက်ရေပြွတ်ဖြင့် တစ်နေကုန်ပင် ရေပြွန်ဖြင့် ထိုးပက်ရသည်မှာ ထမင်းမေ့ဟင်းမေ့ပါပင်။ စတုဒိသာကျွေးသော မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း စသည်ဖြင့် ဗမာမုန့်မျိုးစုံတို့ကို စားရသဖြင့် ထမင်းမေ့၍ ရနိုင်ခြင်းဖြစ်ပါတော့သည်။

စာအုပ်ကို ဆမားဦးခင် ဖုန်း-၀၉ ၂၅၃၀၉၅၆၈၂မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## မေခင် ရွှေကျင်နေသည်နှင့် အခြားဝတ္ထုတိုများ




စာရေးသူ သန်းလင်း (ရွှေချောင်း-ပခုက္ကူ) စီစဉ်ရေးသားသည့် မေခင် ရွှေကျင်နေသည်နှင့် အခြားဝတ္ထုတိုများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မေခင် ရွှေကျင်နေသည်ခေါင်းစဉ်ဖြင့် လူငယ်တို့ သဘာဝကို ပါးနပ်သော ဦးဖေတင်သည် နှုတ်ဆက်စကားပြောရင်း လေ့ထွက်ခွာရန်အတွက် ကြိုးဖြုတ်ခြင်း၊ ပဲ့ကိုင်ခြင်းကိစ္စများကိုသာ အာရုံစိုက်နေခဲ့သည်။ မောင်စိန်နှင့် မေခင်တို့မှာ ဟန်ဆောင်စကားများဖြင့် နှုတ်ဆက်ကြသော်လည်း မျက်ဝန်းအစုံတို့မှာ ဝမ်းနည်းမျက်ရည်တို့သည် ဝိုင်းလျက်ရှိကာ လက်ကို ဝှေ့ယမ်းပြရင်း တဖြည်းဖြည်းနှင့် ဝေးသွားခဲ့ပါတော့သည်။

မောင်စိန်သည် တစ်ကိုယ်တည်းသမားဘဝဖြင့် ဘဝတစ်လျှောက်လုံးတွင် နေလာခဲ့ရာမှ မမျှော်လင့်ဘဲရောက်ရှိလာခဲ့ပြီး နှလုံးသားကို လှုပ်ခတ်သွားစေခဲ့သူမှာ မေခင်ဟူသော မိန်းမချောလေးပင်ဖြစ်သည်။ သူ၏ ဖော်ရွေသော ပြောဆိုဆက်ဆံမှုများကို ခံစားလိုက်ရသဖြင့် တွေးကာ အပျော်ကြီးပျော်နေရသည်။ ယခင်က တစ်ယောက်တည်းသာနေတတ်ခဲ့သော်လည်း ယခုအခါတွင် မနေတတ် မထိုင်တတ်ဖြစ်ခဲ့ရပြီပေါ့ မေခင်ရယ်။

မေခင်ပြန်သွားပြီးသည့်နောက် မေခင့်ကို မျက်စိထဲတွင် အမြဲပင် မြင်နေမိသည်။ မြစ်ညာက လာမည်လား၊ မြစ်အကြေက လာမည်လားဟု မျှော်ရင်းမျှော်ရင်းဖြင့်ပင် နေ့ရက်တို့သည်သာ ကုန်ဆုံးသွားခဲ့လေသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း (၄၀) (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။

## ဆွမ်ပရာဘွမ်(အထက)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



ဆွမ်ပရာဘွမ် ဒီဇင်ဘာ ၂

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(မရန်ယောရှု) ကျောင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆွမ်ပရာဘွမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မျိုးမြင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မျိုးမြင့်နှင့် အထကကျောင်းအုပ်ဆရာကြီး ဦးခိုင်မင်းအောင်တို့က ညှိနှိုင်းရေးမှူးများအဖြစ်ဆောင်ရွက်ပြီး Grade-8၊ Grade-9၊ Grade-10၊ Grade-11၊ Grade-12 တို့မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ပတ်ဝန်းကျင်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်အသိပညာ စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

မြို့နယ်(ပြန်/ဆက်)

## (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂

ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ဦးစွာကျောင်းအုပ်ဆရာမကြီး ဒေါ်အေးလွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို အထက်တန်းပြဆရာ ဦးမြတ်သူကဟောပြောပြီး ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြသည်။

တင်ဝင်းလေး



## ဘုတ်ပြင်းမြို့၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဆွေးနွေး

ဘုတ်ပြင်း ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

### အသိပညာပေးဆောင်ရွက်

အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက အယ်လ်နီညိုရာသီဥတုဆိုင်ရာအသိပညာပေးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ ပြောကြားသည်။


ဆွေးနွေးပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံမွေးက အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားသည့် အခြေအနေများနှင့် ဖြစ်ပေါ်လာမည့်လများတွင် အယ်လ်နီညို အကျိုးသက်ရောက်မှုအခြေအနေများကို ပြည်သူများအနေဖြင့် သတိပြုနေထိုင်ရမည့်အချက်များ၊ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သူများ အယ်လ်နီညိုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များအား အပြန်အလှန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဥတုရာသီ တောကိုမှီ၏

ဝတ္ထုတို

## ပိုင်ပိုင်




(၁)

“မလိုချင်ဘူး။ ငါပိုက်ဆံ ပြန်လိုချင်တာမဟုတ်ဘူး။ ငါချေးပေးခဲ့တာ ဆန်တစ်အိတ်လေ။ ဆန်တစ်အိတ် လာပြန်ပေး”

“ဟာ...ငါယူခဲ့တာ ပိုက်ဆံငါးသောင်းပါ။ အခု အဲဒီငါးသောင်း လာပြန်ပေးတာလေ”

“နင် လူပါးမဝနဲ့...”

ကျွန်မ အတော်စိတ်ညစ်နေသလိုရင်မောရပါပြီ။ မူမူနှင့် စုစုညီအစ်မအရင်းနှစ်ယောက်ဖြစ်လည်း ရန်သူများသဖွယ်စကားသံမာကြောပြီး မျက်ဝန်းများက မီးတောက်နေကြပြီ။

“ပြောရတာ မောတယ် ဟေ့။ ရော့....”

“အိုး....သွားစမ်း”

စုစုက ပိုက်ဆံငါးသောင်းကို မူမူ့လက်ထဲသို့ အတင်းထိုးထည့်ပေးလိုက်သည်နှင့် မူမူက ပိုက်ဆံများကို ချက်ချင်းလွှင့်ပစ်၏။

ကျွန်မလည်း ချီထားသည့် မူမူ့ကလေးကို ခုတင်ပေါ်သို့ချကာ ကပျာကယာနှင့်အိမ်ပေါ်မှ အပြေးဆင်းလာပြီး ပိုက်ဆံများလိုက်ကောက်ရတော့သည်။

“ကဲ သမီးတို့ရယ် စကားကို အဆင်ပြေအောင်ပြောကြပါ။ လူအများကြားရင်ရှက်စရာအေ”

“ဘာလဲ...အမေက အမေ့သမီးကြီးဘက်က ပါမလို့လား”

မျက်နှာချီကာ ပြောလိုက်သည့် စုစု၏စကားကြောင့် ကျွန်မ ဘာဆက်ပြောရမည်မသိ။ သွားလေသူခင်ပွန်း ကိုရင်အေးကိုတပြီး အော်ငိုချင်စိတ်ဖြစ်လာ၏။ မနှစ်က စုစု အရေးတကြီးပိုက်ဆံလို၍ အစ်မဖြစ်သူ မူမူ့ထံ လာချေး၏။ မူမူ့လက်ထဲတွင် ငွေအပိုမရှိ၍ ချေးမပေးနိုင်။ စုစု၏ အခက်အခဲကို ကျွန်မကြည့်မနေနိုင်သဖြင့် မူမူ့ယောက္ခမများက ဆန်သုံးအိတ်ပေးထားသည်မှ စုစုလိုသော ပိုက်ဆံအတွက် ဆန်တစ်အိတ်ကို မူမူ့ခွင့်ပြုချက်ဖြင့် ကျွန်မကိုယ်တိုင်ရောင်းပြီးပေးခဲ့၏။ ထိုစဉ်က ဆန်တစ်အိတ် ငွေငါးသောင်းသာ။

“သမီးတို့ရယ်။ အမေတောင်းပန်ပါတယ်။ အချေအတင်မဖြစ်ကြပါနဲ့”

လက်ထဲတွင်ကိုင်ထားသော ပိုက်ဆံငါးသောင်းကို ဘယ်သူ့လက်ထဲပြန်ပေးရမည် ကျွန်မမသိတော့။ မျက်ရည်များ စီးကျလာသည်။

“အမေကလည်း သူလူပါးဝတာလေ။ သမီးက ဆန်တစ်အိတ်ပေးခဲ့ရတာ။ ဆန်တစ်အိတ်ပဲ ပြန်လိုချင်တယ်”

ခါးထောက်၍ မကျေမနပ်ပြောသည့် မူမူ။

“ကဲ...အဲဒီတုန်းက အမေ့လက်ထဲကနေ သမီးပိုက်ဆံငါးသောင်းယူခဲ့တာ။ အခု ငါးသောင်းပြန်ပေးခဲ့ပြီ။ အမေပဲ ကိုယ့်သမီးကိုယ် ရှင်းပေးလိုက်တော့”

စုစုစကားကြောင့် ကျွန်မ ရင်တလှပ်လှပ်တုန်ယင်လာကာ ဘာပြန်ပြောရမည်မသိ။ ဆန်တစ်အိတ် တစ်သိန်းနှစ်သောင်းဖြစ်နေပြီ။ မူမူ ကျေနပ်စေရန် ဆန်တစ်အိတ်ပြန်ဝယ်ပေးမည်ဆိုပါက ခုနစ်သောင်းစိုက်ရမည်။ ကျွန်မတွင် ပိုက်ဆံခုနစ်ရာပင်မရှိ။ မနက်ဖြန်မှ ကိုရင်အေးအမွေပေးခဲ့သည့် မိသားစုပင်စင်လစာထုတ်ရမည်။ တစ်လမိသားစုပင်စင်လစာ ငွေရှစ်သောင်းကျော်နှင့် ကျွန်မတစ်ကိုယ်စာ စားရေးပင်အနိုင်နိုင်။

“အငယ်မရယ်... ဆန်တစ်အိတ်ဖိုးလိုငွေစိုက်ဝယ်ပေးဖို့ အမေ့မှာပိုက်ဆံမှ မရှိတာ”

စုစုက ကျွန်မကို ခပ်ထေ့ထေ့ကြည့်ပြီးမှ...

“အဲတာဆိုရင်လည်း အမေ့နားကပ်သူယူပြီး ပေါင်သုံးထားတာမလား။ အဲဒီထဲက ယူချေလိုက်ပေါ့”

“ဟေ့...ငါ ပြန်ရွေးပေးနိုင်လို့ အမေ့နားကပ်ခဏယူပြီး ပေါင်သုံးတာ။ နင်ဘာမှလိုက်ကတ်တွက်နေစရာမလိုဘူး”

စွာစွာလန်လေသံနှင့် ရန်ထောင်လိုက်သည့် မူမူ။ သည်နှစ်ထဲ မူမူ့ခင်ပွန်းက အလုပ်မဖြစ်။ အကျပ်အတည်းများစွာကြောင့် စိတ်ရိုင်းများဝင်နေကြကာ သူစိမ်းပြင်ပြင် ရန်လိုနေကြသည့်သမီးနှစ်ယောက်ကြားတွင် ကျွန်မမျက်ရည် မထိန်းနိုင်တော့ပါ။

(၂)

“ပြောမယုံ ကြုံဖူးမှသိ” ဆိုသလိုပင်။ ရပ်ကွက်ရုံး၌ သမီးနှစ်ယောက်၏ ဆန်တစ်အိတ်နှင့် ငွေငါးသောင်းကိစ္စကို ဖြေရှင်းကြချေပြီ။ ရပ်ကွက်လူကြီးစားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ မျက်နှာလွှဲထားကြ၏။ ကျွန်မမျက်နှာက ဆီးရွက်လောက်ပင်ရှိမည်မထင်။ ရပ်ကွက်လူကြီးကလည်း ခေါင်းကုပ်လိုက်၊ မူမူ့ တိုင်ကြားချက်ကို ခေါင်းညိတ်လိုက်၊ စုစုဖြေရှင်းချက်ကို မေးဆတ်လိုက်နှင့်။ ရပ်ကွက်ရုံးစာရေးလေးက ဘောပင်ကိုင်ပြီး လယ်ဂျာစာအုပ်ဖွင့်ကာ အုပ်ချုပ်ရေးမှူး၏ ညှိနှိုင်းဆုံးဖြတ်ချက်ကို ရေးမှတ်ရန်အသင့်။ မူမူက သူအမှန်။ စုစုက သူမမှား။

“အင်း...ခက်လိုက်တာအေ။ ညည်းတို့က ညီအစ်မအရင်းတွေလေ။ ကိုယ့်ရှိတာကိုတောင် ဝေမျှစားကြရဦးမှာ။ အခုတော့ လူကြားမကောင်း ငါဘယ်လိုညှိနှိုင်းရမယ်ကို စဉ်းစားရခက်နေပြီ”

“အို...အုပ်ကြီးကလည်း ဘာမှစဉ်းစားမနေနဲ့။ ကျွန်မ ဆန်တစ်အိတ်ပဲပြန်လိုချင်တယ်”

ပက်ခနဲ ပြောချလိုက်သည့် မူမူ့ကို စုစုက မျက်စောင်းထိုးလိုက်ပြီး “အုပ်ကြီး...ကျွန်မက အမေ့လက်ထဲကနေ ငွေငါးသောင်းပဲယူခဲ့တာ။ အဲဒီငါးသောင်း အခုပြန်ပေးတာလေ။ ပြီးပြီပေါ့”

“ကဲ...ကဲ။ နေကြပါဦး။ ငါမေးမယ် စုစု.. ညည်းကို ပိုက်ဆံချေးတုန်းက မူမူ့ဆန်အိတ်ကိုရောင်းပြီး ချေးပေးလိုက်တာကို သိသလား”

အုပ်ချုပ်ရေးမှူးက မေးသည်ကို စုစုမဖြေဘဲ ကျွန်မကို လှမ်းကြည့်၏။ ကျွန်မလည်း မနေသာတော့ဘဲ ဝင်ပြောလိုက်ရသည်။

“ဟို...အဒေါ်က အငယ်မစုစု အခက်အခဲဖြစ်နေတာမလို့ အကြီးမ မူမူ့ကို သမီးဆန်တစ်အိတ် ရောင်းပေးလိုက်မယ်။ သူပိုက်ဆံပြန်ဆပ်မှ ဆန်တစ်အိတ်ပြန်ဝယ်ပေါ့လို့ ပြောခဲ့မိတာ။ စုစုကိုလည်း သေချာပြန်ပေးဖို့ အဒေါ်ပြော...”

“အဲဒီလိုပြောခဲ့လည်း အခု သူပြန်ပေးတဲ့ ငါးသောင်းက ဆန်တစ်အိတ်ဝယ်လို့မှ မရတာ။ ကျွန်မ ဆန်တစ်အိတ်ပြန်ရမှ ကျေနပ်နိုင်မယ်”

ကျွန်မ စကားမဆုံးခင်ပင် မူမူက ဒေါသကြီးသည့်လေသံဖြင့် အော်လိုက်သည်။

“ဟ..နေကြပါဦး...”

စိတ်ရှုပ်လာသည်ထင် အုပ်ကြီးက ခပ်ဆတ်ဆတ်အော်လိုက်ပြီး ကုလားထိုင်နောက်မှီပေါ်သို့ ခေါင်းလှန်တင်ကာ မျက်စိမှိတ်ထားလိုက်၏။ ကျွန်မ ခေါင်းကိုက်လာပြီ။ နားထင်မှ သွေးကြောများက ပေါက်ထွက်လာတော့မလိုလို။ အလျှော့မပေးတမ်း တင်းမာနေကြသည့် သမီးနှစ်ယောက်ကို အံ့ဩမိသည်။ လူအများပြောကြသလို အိမ်ထောင်ကျပြီး သူစိမ်းများဖက်လာလျှင် မောင်နှမ၊ ညီအစ်မ သွေးကွဲတတ်ကြသည် ဆိုသည့်စကားက မှန်နေပြီလားဟု တွေးမိ၏။ ခင်ပွန်းဖြစ်သူ ကိုရင်အေး ခေါင်းချခဲ့သည့် အိမ်မှာပင် ကျွန်မ တစ်ဦးတည်းနေထိုင်သည်။ အပျိုဖော်ဝင်သည်နှင့် ကိုယ့်သဘောကိုယ်ဆောင်ကာ ယောကျ်ားနောက်လိုက်သွားကြသည့် သမီးနှစ်ယောက်ကို သံယောဇဉ်ကြီးစွာဖြင့် တစ်အိမ်စီလှည့်ကာ မြေးထိန်းပေးလိုက်၊ သူတို့အိမ်၏ ဝေယျာဝစ္စ ကူလုပ်ပေးလိုက်နှင့် ကျွန်မအတွက် အားလပ်ချိန်မရှိခဲ့။ မပြေလည်ကြသော သမီးများထံမှ ထမင်းတစ်နပ်ပင် ကျွန်မမစားခဲ့ဖူးပါ။ သမီးနှစ်ယောက် သင့်မြတ်ကာ ချစ်ခင်နေကြရေးသာ ကျွန်မအတတ်နိုင်ဆုံး ပြောဆိုညှိနှိုင်းဆောင်ရွက်၏။ မူမူ့ ခင်ပွန်းနှင့် စုစုခင်ပွန်းတို့က ကမ္ဘာ့ရန်ဘက်များသဖွယ် လုံးဝမတည့်ကြပါ။ ကိုယ့်ရင်မှ လွယ်မွေးခဲ့ရသည့် သမီးနှစ်ယောက်လုံးကို တန်းတူညီမျှ ကျွန်မချစ်သည်။

(၃)

“ဟူး...”

တိတ်ဆိတ် ငြိမ်သက်နေသည့် အုပ်ချုပ်ရေးမှူးရုံးခန်းသည် အုပ်ကြီးက ခေါင်းပြန်မတ်ကာ သက်ပြင်းချလိုက်သံကြောင့် ပြန်လည်အသက်ဝင်လာသလိုပင်။

“ဒီမယ် စုစု...ညည်းက ငွေငါးသောင်းချေးပြီး ညည်းအခက်အခဲကို ဖြေရှင်းခဲ့တယ်မလား။ အဲဒီငွေရဖို့ကို မူမူက ဆန်တစ်အိတ်ရင်းပေးခဲ့ရတာပဲလေ။ သူ့အရင်းပဲ သူပြန်လိုချင်တာ တရားပါတယ်။ ညီအစ်မအရင်းတွေပဲ ကတ်သတ်မနေနဲ့ ဆန်တစ်အိတ်ပြန်ပေးလိုက်ဖို့ ငါက မေတ္တာရပ်ခံပါတယ်အေ”

အုပ်ကြီး၏ စကားကြောင့် မူမူ့မျက်နှာက ကျေနပ်နေသော်လည်း စုစု ငိုချင်နေပြီ။

“အဟင့်...အဟင့်...အခု ပိုက်ဆံငါးသောင်းကိုတောင်မှ ညီအစ်မအချင်းချင်း အထင်သေးသလို အကြည့်ခံရလွန်းလို့ မခံချင်စိတ်နဲ့ ကျွန်မယောကျ်ားဆိုင်ကယ်အစုတ်လေးကို ပေါင်ပြီးပေးရတာ။ သူ့ကိုဆန်တစ်အိတ်ပြန်ဝယ်ပေးဖို့က ပိုက်ဆံမှ မရှိတာ”

ပါးစပ်အဟောင်းသားနှင့် အုပ်ကြီးက ဘာမှဆက်မပြောတတ်တော့။

“ကဲ...ဒါဆိုလည်း ရှေ့မျက်နှာနောက်ထားပြီး အမေ့ကိုပဲ ပြောရတော့မှာပဲ”

အသံခပ်ပြတ်ပြတ်နှင့် ကျွန်မကို ကြည့်ကာ မူမူပြောလိုက်သည်နှင့် ရင်ဘတ်ထဲ၌ တဒိန်းဒိန်းမြည်လာချေပြီ။ “ဆက်မပြောပါနဲ့အေ” ဟု တား၍ရမည်မထင်။ သည်နေရာမှ ကျွန်မ ပြေးထွက်လိုက်ချင်၏။ မူမူ့ စကားကိုထောက်ခံသည့် အလား စုစု ကျွန်မကို ကြည့်နေသည့် မျက်ဝန်းများက မျှော်လင့်ချက်ဖြင့် အရောင်လက်နေ၏။ ကျွန်မရင်ထဲ၌ ဆို့နင့်ကြေကွဲလာခြင်းက ဘာနှင့်မျှနှိုင်းမပြတတ်။ ကိုရင်အေးနှင့် ကျွန်မ ချွေတာစုဆောင်းကာ တည်ဆောက်ထားခဲ့ရသော အသိုက်လေး။ ကျွန်မ မြတ်နိုးစွာခိုလှုံနေသည့် တဲသာသာ အိမ်ကလေးနှင့် ခြံဝင်းကျဉ်းကျဉ်းလေး။ မနှစ်က စုစု တောင်းဆိုခဲ့ဖူး၏။ ထိုစဉ်က မူမူ ကန့်ကွက်ခဲ့သည်။ ယခု မူမူ့ နှုတ်မှ ဖွင့်ဟတောင်းဆိုလာချေပြီ။ ကျွန်မရင်ထဲမှ နာကျင်လာသည့်ခံစားမှုက သံယောဇဉ်အ လွှာပါးကို တတိတိဖြတ်ချနေသလိုပင်။ သူတို့၏ အခက်အခဲကိုသာ ရှေ့တန်းတင်တတ်သော သမီးနှစ်ယောက်အတွက် ကျွန်မ၏ အသိုက်လေးကို စတေးပေးရပေမည်။ နယ်ပယ်အသီးသီးတွင် နယ်နိမိတ်ရှိသလို မေတ္တာတရားနှင့် သံယောဇဉ်တွင်လည်း နယ်နိမိတ်ရှိသည်သာ။

ကျွန်မကို နယ်နိမိတ်အလွန်သို့ တွန်းပို့နေကြပြီ။ မူမူ ဆက်ပြောလာမည့်စကားကို သမက်နှစ်ယောက်ကလည်း တပ်မက်နေကြမည်မှာ အသေအချာ။

“ကောင်းပါပြီ သမီးတို့ရယ်။ ညည်းတို့သိပ်လိုချင်နေကြတဲ့ အမေ့အိမ်ဝိုင်းလေးကို ရောင်းပြီး အညီအမျှခွဲယူလိုက်ကြပါတော့...”

မျက်လွှာချကာ ခပ်တိုးတိုးပြောလိုက်သည့် ကျွန်မ၏စကားကို အုပ်ကြီးက မခံစားနိုင်၍ထင်သည်။

“ဟာ...အဲဒီလိုတော့မလုပ်ကြနဲ့လေ။ အဒေါ်က ဘယ်သွားနေမလဲ။ ညည်းတို့ကကော အမေဖြစ်သူကို တာဝန်ယူခေါ်ထားမှာလား”

ဘာမှ တုံ့ပြန်သံမကြားရ။

“ရပါတယ် အုပ်ကြီးရယ်။ ရင်ကလွယ်မွေးခဲ့တဲ့ သားသမီးရဲ့မေတ္တာသံယောဇဉ်ကလည်း ရောင်းပြန်ဟပ်ချင်မှ ဟပ်တတ်တာပါ။ ကျွန်မရဲ့ဘဝနေဝင်ချိန်ကို ပူလောင်တဲ့ သံယောဇဉ်နယ်နိမိတ်အလွန်မှာသာ ဖြတ်သန်းပါတော့မယ်။ ကျွန်မကို မင်းကွန်းလူအိုရုံကို အုပ်ကြီးကပဲ လိုက်ပို့ပေးပါနော်”

ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးခန်းမှာ အပ်ကျသံမကြားရတော့ သလိုပင် တိတ်ဆိတ်သွားပါပြီ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## စည်းကမ်းရှိစွာ အမှိုက်ပစ်ပါ

☆ တို့လူငယ် စည်းကမ်းရှိဖို့
နည်းလမ်းတိကျ စွမ်းဆောင်ကာ။
အိမ်လမ်းရွာ ကျောင်းအတွင်း
သန့်ရှင်းအောင်ပါ။
တွေ့ရာမချ ပုံးအတွင်းသာ
စွန့်ပစ်ပါ အမှိုက်များ။
တစ်စမြင်လျှင် တစ်စကောက်
အမှိုက်ပျောက်ပြား။
☆ တွေ့ရာချလျှင် အမှိုက်များက
မြင်ရသူအား မတင့်တယ်။
ရောဂါတွေ တိုးပွားကြ
များပြားအန္တရာယ်။
ပလတ်စတစ် ဆိုးကျိုးကွယ်
တွန်းလှန်ဖယ် သတိထား။
လူတိုင်းကိုယ်စီ တာဝန်ရှိ
အသိတွေပွား။
☆ မြစ်ချောင်းအင်းအိုင် စွန့်ပစ်ပြား
အန္တရာယ်များ သတ္တဝါတွေ။
ဂေဟစနစ်ကို ထိခိုက်လို့
ဂရုစိုက်လေ။
စည်းကမ်းမဲ့စွန့် အမှိုက်တွေ
အမြင်မလှပေ မြို့ဂုဏ်ညှိုး။
စည်းကမ်းရှိပါ လူတိုင်းလေ
ဝိုင်းဝန်းသယ်ပိုး။ ။

ရွှေတိုး(ထုံးဘို)

## အမှားကိုမြင် အမှန်ပြင်စို့

အမှားကို မပြစ်ပယ်
အမှန်ကွယ်လို့ အမှောင်ဖုံး။
ရှင်သန်ရာ လူ့ဘဝ
လမ်းစပျောက်ဆုံး။
ရွေးချယ်ပါ အမှန်တရား
နှလုံးသား လှပါစေ
တိုးတက်ဖို့လေ။
စာရိတ္တ ကောင်းအောင်နေ
ကျင့်အပ်ပေ အမြဲတမ်း။
အမှားမြင် အမှန်သိလို့
ပီတိတို့လွှမ်း။
ရည်ရွယ်ရာ ခရီးလမ်း
ကြိုးပမ်းလို့ လျှောက်ကြပါ။
အတ္တမာန် ဖယ်ခွာရှင်း
အမုန်းကင်းကွာ။
လူ့ဘဝ ခဏတာ
မေတ္တာတွေ ထုံမွမ်းပေး။
အမှန်ကို ပြင်ဆင်လျက်
ရှေ့ဆက်စို့လေး။ ။

ဖိုးပြည့်(ပတ္တမြား)

ဆောင်းပါး

# အတွေးမှန်သူ ဖြစ်ပါစေ

■ **မောင်ကြည်လင်(ရွှေကြိုးကြာ)**

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လူအမျိုးမျိုး ရှိကြသည်။ တစ်ပါးသူ၏လုပ်ရပ်ကို “အလကားပါ၊ လူအထင်ကြီးခံချင်လို့ လုပ်တာ၊ သူ့အကြောင်း ငါ သိတယ်”စသည်ဖြင့် ကဲ့ရဲ့ပြစ်တင်သူများရှိသကဲ့သို့ “လူတော်လေးပဲ၊စိတ်ထားလေးသဘောကျတယ်၊ အားပေးတယ်နော်”စသည်ဖြင့် မိမိမလုပ်နိုင်သော်လည်း တစ်ပါးသူ၏လုပ်ရပ်နှင့် အပြုအမူကို နှစ်သက်သဘောကျသူများလည်း တွေ့နိုင်ပါသည်။

> **“သူတစ်ပါး ဖန်တီးထားတဲ့အလုပ်ကို မခံစားတတ်ရင် ကိုယ်တိုင်က ဘယ်တော့မှ အလုပ်ကို မဖန်တီးနိုင်ဘူး။ ဒါဟာ ပုံသေသဘောတရားပါ။ အလုပ်ကို မြင်တတ်ခြင်းက ပထမ။ ဖန်တီးခြင်းက ဒုတိယ”ဟု ဆရာကြီးအောင်သင်းက မိန့်ဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် တစ်ပါးသူက ကောင်းမွန်သော အလုပ်ကို လုပ်နေလျှင် အတွေးမှန်စွာ ဖြင့် မျှဝေခံစားပေးခြင်းဖြင့် မိမိ၏နှလုံးသားအလုပ်ကို ဖွင့်ဟတတ်ရပေမည်**

ကျွန်တော်တို့အားလုံး မိမိမလုပ်နိုင်သောကိစ္စများ၊ လုပ်ငန်းများ၊ ပရဟိတများ၊ ရုတ်တရက်ကြုံတွေ့ရသောအဖြစ်အပျက်များတွင် ကူညီဆောင်ရွက်သူများအား စိတ်ခွန်အားပေးခြင်း၊ မှန်ကန်သောအတွေးဖြင့် အားပေးကူညီရန် အထူးလိုအပ်ပါသည်။ လူတစ်ဦးသည် မိမိကိုယ်တိုင် အကောင်းဆုံးအနေဖြင့် နေထိုင်ရန်အတွက် မိမိပတ်ဝန်းကျင်ကို ကူညီလိုစိတ်ရှိရပေမည်။ မိမိကိုယ်တိုင် ပတ်ဝန်းကျင်တွင် ကောင်းသောအပြုအမူများနှင့် နေထိုင်ပါက မျိုးဆက်လူငယ်များက အတုယူကြမှာ ဖြစ်ပါသည်။

ထိုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်း အတုယူကြသောအခါ လူတော်လူကောင်းများ တိုးပွားလာကြမှာ ဖြစ်ပါသည်။ မိမိတို့ ပတ်ဝန်းကျင်တွင် အတုယူစရာ လူတော်လူကောင်းများပေါ်များလာသောအခါ ပတ်ဝန်းကျင်သည် သာယာလာ၏။ ကြည်နူးစရာ ဖြစ်လာ၏။ အေးချမ်းပျော်ရွှင်လာကြ၏။ ထိုသို့ အေးချမ်းသာယာသောပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ရန် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း အသိတရားမှန်ကန်စွာဖြင့် မှန်ကန်သော အတွေးရှိရန် လိုအပ်ပါသည်။

တစ်ခါတွင် မြို့တစ်မြို့မှာ သူတောင်းစား တစ်ယောက်ရှိပါသည်။ ဆင်းဆင်းရဲရဲတောင်းစားနေရသောကြောင့် မကြည့်ရက်သဖြင့် သိကြားမင်း လူ့ပြည်ဆင်းလာပြီး “အသင်လူသား ငါ သင့်ကို ကူညီမယ်၊ ဒါပေမဲ့ သင်ဘယ်လိုလုပ်မလဲဆိုတာကိုတော့ အမှန်အတိုင်းပြောပါ”ဟု ပြောလေသည်။ ထိုအခါ သူတောင်းစားသည်”ကောင်းပါပြီ သိကြားမင်း”ဟု ပြန်ဖြေလေ၏။ ငါ နင့်ကို ပိုက်ဆံငါးသိန်းပေးရင် သင် ဘာလုပ်မလဲ”ဟု သိကြားမင်းမေးသောအခါ သူတောင်းစားလည်း စဉ်းစား၍ “ဖုန်းဝယ်မယ်” ဟု ဖြေကြားလေ၏။

ထို့နောက် “သိကြားမင်းက ဖုန်းဝယ်ပြီး ဘာလုပ်မလို့လဲ”ဟု ဆက်မေးသောအခါ “သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး ဘယ်နေရာမှာတောင်းလို့ ကောင်းလဲ မေးပြီး အဲဒီနေရာသွားတောင်းမယ်”ဟု သူတောင်းစားက ပြန်ဖြေလေသည်။ ထိုအချိန်တွင် သိကြားမင်းလည်း “အင်း ဒီငွေလောက်နဲ့ မင်းဘဝ မပြောင်းနိုင်ဘူး”ဟု ဆိုလျက် “သိန်းငါးဆယ်ပေးမယ် ဘာလုပ်မလဲ”ဟု မေးသောအခါတွင် သူတောင်းစားလည်း တစ်ချက်တွေးလိုက်၏။ ထို့နောက် “ဆိုင်ကယ်တစ်စီး ဝယ်ပြီး တောင်းလို့ကောင်းတဲ့နေရာတွေကို မြန်မြန်သွားတောင်းလိုက်မှာပေါ့”ဟု ပြန်လည်ဖြေကြားလေသည်။

သိကြားမင်းလည်း “မဖြစ် သေးပါဘူး”ဟုဆို၍ “သိန်းတစ်ရာ ပေးမယ်ကွာ၊ ဘာလုပ်မလဲ” ဟု ထပ်မေးပြန်၏။ ထိုအခါတွင် သူတောင်းစားသည် “ကားဝယ်ပြီး တစ်မြို့လုံး လိုက်တောင်းမယ်” ဟု ပြန်ဖြေသောအခါတွင် သိကြားမင်းလည်း “မဖြစ်ပါဘူး နောက်ဆုံးအနေနဲ့ သိန်းငါးရာပေးမယ် ဘာလုပ်မလဲ” ဟု ဆက်လက်မေးမြန်းသော အခါတွင် သူတောင်းစားသည် အလွန်ပျော်ရွှင်လျက် “ဟာ တစ်မြို့လုံးမှာရှိတဲ့ သူတောင်းစားတွေကို ပိုက်ဆံပေးနှင်ထုတ်ပြီး တစ်မြို့လုံးကို သူတစ်ယောက်တည်း တောင်းစားမှာပေါ့” ဟု ပြန်လည်ဖြေကြားလိုက်လေသည်။

ပုံပြင်လေးမှာ ထိုနေရာတွင် အဆုံးသတ်သွား၏။ သို့သော် အတွေးအခေါ်အဟောင်း၊ ခံယူချက်အဟောင်းများကို မစွန့်လွှတ်နိုင်လျှင် မှန်ကန်သော အသိတရားကိုလည်း တွေးခေါ်ကြံဆလုပ်ဆောင်နိုင်ခြင်း မရှိကြောင်းကို ကျွန်တော်တို့အတွက် သင်ခန်းစာပေးထားလေသည်။

ထို့ကြောင့် ကျွန်တော်တို့ မှန်ကန်သောအတွေးရှိရမည်။ မှန်ကန်သောအတွေးတွင် ရိုးသားရန်လိုအပ်ပါသည်။ ရိုးသားမှသာ လူအများ၏လေးစားကြည်ညိုမှုကိုရနိုင်ပါသည်။ လူအထင်ကြီးခံရရန်အတွက် မရိုးမသားပြုလုပ်မည်ဆိုပါက ပတ်ဝန်းကျင်၏ ကဲ့ရဲ့ပြစ်တင်မှုကိုခံကြရမှာဖြစ်ပါသည်။ မိမိက ရိုးသားစွာဖြင့် ပတ်ဝန်းကျင်လှပစေရန် လုပ်ဆောင်နေသော်လည်း ပတ်ဝန်းကျင်၏ အပြစ်ဆိုခြင်းခံရခြင်းမှာ တစ်ခဏသာဖြစ်ပါသည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းမှာ လူ့သဘာဝပင်ဖြစ်ပါသည်။

“လူတစ်ယောက်ကောင်းတာတစ်ခုခုလုပ်တယ်ဆိုပါတော့၊ အဲဒါကို ကိုယ်က မြင်ရကြားရတဲ့အခါ အလကားပါကွာ၊ အထင်မကြီးပါဘူး၊ အဲဒီလို ပြောမယ်ဆိုပါတော့။ အဲဒီလို ပြောတဲ့လူဟာ သူကိုယ်တိုင် အဲဒီလိုအလုပ်မျိုး လုပ်လို့မရတော့ဘူး။ သူများရဲ့ ကောင်းတဲ့ဂုဏ်၊ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့ စိတ်ထား၊ ကောင်းတဲ့အရည်အချင်းများကို ကဲ့ရဲ့လိုက်ရင် အဲဒီလို ကောင်းတဲ့အရည်အချင်းမျိုး ကိုယ့်မှာ မရနိုင်တော့ဘူး၊ ကိုယ့်လမ်းကို ပိတ်လိုက်ပြီ”ဟု ဆရာတော် ဦးဇောတိက၏ “ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း”စာအုပ်တွင် မှတ်သားခဲ့ဖူးပါသည်။

“သူတစ်ပါး ဖန်တီးထားတဲ့ အလုပ်ကို မခံစားတတ်ရင် ကိုယ်တိုင်က ဘယ်တော့မှ အလုပ်ကို မဖန်တီးနိုင်ဘူး။ ဒါဟာ ပုံသေသဘောတရားပါ။ အလုပ်ကို မြင်တတ်ခြင်းက ပထမ။ ဖန်တီးခြင်းက ဒုတိယ”ဟု ဆရာကြီးအောင်သင်းက မိန့်ဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် တစ်ပါးသူက ကောင်းမွန်သော အလုပ်ကို လုပ်နေလျှင် အတွေးမှန်စွာဖြင့် မျှဝေခံစားပေးခြင်းဖြင့် မိမိ၏ နှလုံးသားအလုပ်ကို ဖွင့်ဟတတ်ရပေမည်။

အမြင်အမျိုးမျိုးရှိသော ပတ်ဝန်းကျင်တွင် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းများကို ဥပေက္ခာပြုလျက် ကောင်းမွန်သောအကျင့်၊ နည်းလမ်းကျသော လုပ်ရပ်၊ ပရဟိတစိတ်၊ ရိုးသားစွာနေထိုင်ခြင်းတို့ဖြင့် ဘဝ လှပတိုးတက်စေရန် အသိမှန်၊ အတွေးမှန်စွာဖြင့် ဆုံးဖြတ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## အမျိုးသားအောင်ပွဲ

☆ ပုဂံ၊ ပင်းယ
အင်းဝနဲ့ တောင်ငူ။
ညောင်ရမ်းရယ် တသွင်သစ်
ကုန်းဘောင်ခေတ် ထူ။
ခေတ်အဆက်ဆက် မြန်မာ့မူ
မြန်မာ့အယူ မြန်မာ့ထုံး။
ဝံသာနု မြန်မာ့စိတ်ထား
ကျင့်ပွားလို့သုံး။
☆ စည်းကမ်းအထွေထွေ
ပျက်သုဉ်းလို့ ထီးဆုံး၊ နန်းဆုံး
အချိန်တွေ။
ပြန်တွေးလျှင် ခံပြင်းသမို့
အံတင်းမိပေ။
☆ တို့ဘိုးဘွား ပိုင်နက်မြေ
အနိုင်ထက်လေ ကျူးကျော်နှက်။
ပညာရေး ဦးကင်းကို
ဆူးသွင်းလို့ဖျက်။
တို့စာပေ တို့မတတ်
မှတ်ခဲ့ရ လက်ဗွေရာ။
ကြက်ခြေသာ အတွင်တွင်ခတ်
ရင် အထပ်ထပ်နာ။
အက်(စ်)ဥပဒေကို ရေးဆွဲကာ
သွေးခွဲလာ ပြည်သူချင်း။
စာပေကို အဆိပ်ခပ်
ကျွန်ဇာတ်သွတ်သွင်း။
☆ ဥပဒေကို လိုရာခင်း
ဖိနှိပ်ညှဉ်း ခေါင်းငုံ့မခံ။
ယူနီဗာစတီ ကျောင်းသားထု
ပေါင်းစုအားမာန်။
ဥပဒေကြမ်းကို တော်လှန်
စနစ်မှန်ကို တောင်းဆိုပေ။
နှောင်ခါဝယ် ကျောင်းသားတို့
ကောင်းစားဖို့တွေ။
☆ တို့နိုင်ငံ လွတ်လပ်ရေးအတွက်
မျိုးစေ့ပေးခဲ့ ဤချိန်ခါ။
လပြည့်ကျော်ဆယ်ရက်နေ့
(တန်ဆောင်မုန်း)
တစ်သက်မမေ့ပါ။
သမိုင်းအဆက်ဆက် ရာဇဝင်မှာ
စာတင်ကာ ကမ္ဗည်းဆွဲ။
တို့မြန်မာတစ်မျိုးသားလုံးရဲ့
ကြိုးစားအောင်ပွဲ ။ ။

မောင်ကေတုး(ပညာရေး)

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊
ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း**
**(၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့ ✧



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒီဇင်ဘာပထမပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ဒီဇင်ဘာပထမပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၄ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် စုရပ်စုစည်း၍ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ဖြိုးမွန်စံနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲကြပြီး သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ရန်ကုန်-ပုသိမ်လမ်းမ ကျန်စစ်သားလမ်းတစ်လျှောက် ညောင်တုန်းလမ်းမှ ရုံးရှေ့ ကျန်စစ်သားလမ်းအထိ လမ်းလျှောက်ကြပြီး ရုံးရှေ့စုရပ်နေရာ၌ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ကြကာ ရပ်ကွက်နှင့် ကျေးရွာများအလိုက် ကောက်ညှင်းပေါင်းများ ပေးဝေလျက်ရှိကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၆၀ ပါဝင်သော လူထုစုပေါင်း လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

တိုက်ကြီး ဒီဇင်ဘာ ၂

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစား လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ဇောဓိကုန်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ကျောင်းရှေ့မှ စတင်ပြီး ရန်ကုန်-ပြည် ကားလမ်းအတိုင်း တာခွကျေးရွာအုပ်စု လသာကုန်းကျေးရွာ တိုက်ကြီးတိုးဂိတ်ဟောင်းအထိ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာပထမပတ် အားကစား လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ စုစုပေါင်း ၅၀၀ ပါဝင်ဆင်နွှဲကြပြီး တိုက်ကြီး တိုးဂိတ်ဟောင်းတွင် ကိုယ်လက်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းများကို စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။




အလားတူ ဥက္ကံမြို့နှင့် အဖျောက်မြို့ များတွင်လည်း သတ်မှတ်စုရပ်နေရာများမှ မြို့အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

မြင့်ဦး

## မြိတ်မြို့ဆိပ်ငယ်ဈေးကြီးတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး အသိပညာပေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

မြိတ် ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးတွင် ယနေ့ နံနက်ပိုင်းက ဈေးမီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခရိုင်မီးသတ်ဦးစီးဌာနမှ ဈေးသူ ဈေးသားများအား အသိပညာပေး သရုပ်ပြဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြသည်။



ဦးစွာ ဈေးကော်မတီရုံးခန်းတွင် ဈေးသူ ဈေးသားများအား မီးသတိမူရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်နှင့် တာဝန်ရှိသူများက အသိပညာပေး ဆွေးနွေးပြောကြားပြီး ဈေးအပြင်ဘက်တွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက Dry Chemical Powder မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းကို ပညာပေးပြသခဲ့ရာ ဈေးသူ ဈေးသားများက လက်တွေ့ငြိမ်းသတ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဈေးအတွင်းမှ လူနာကယ်ထုတ်ခြင်းနှင့် ဒဏ်ရာရလူနာများအား ရှေးဦးပြုစုခြင်း၊ လူနာတင်ယာဉ်ဖြင့် ဆေးရုံပို့ဆောင်ခြင်း၊ မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်များနှင့် စက်များဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်းကို စနစ်တကျ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခိုင်ထူး (ပြန်/ဆက်)

✧ စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သဲအင်းဂူဗဟိုဌာနချုပ်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၁၇ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၄၉ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက် ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ဆောင်ရွက်ပေး**

အလားတူမန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရတနာဘုံစံကျောင်း သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သာသနာ့နွယ်ဝင်သီလရှင် ၁၂၁ ပါးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါစမ်းသပ်ပေးခြင်း၊ တီဗွီခတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဗဟန်းမြို့နယ်၌ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်၌ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် အမျိုးသားအားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲစေရန် ရည်ရွယ်၍ ယနေ့နံနက် ၅ နာရီတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲ(ပထမပတ်) စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အင်အား ၂၀၀ ခန့် ပါဝင်**

အဆိုပါ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲကို ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ရွှေဂုံတိုင်လမ်းအတိုင်း M-3 အားကစားကွင်းအထိ ကျင်းပခဲ့ရာ လမ်းလျှောက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ ပြည်သူလူထုများ စုစုပေါင်းအင်အား ၂၀၀ ခန့် ပါဝင်လမ်းလျှောက်ခဲ့ပြီး M-3 ကွင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။



**ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် အုတ်တွင်းမြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သထုံမြို့နယ်၌ ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**သထုံ ဒီဇင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ်၏ ဒီဇင်ဘာပထမပတ် အားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် စုပေါင်းကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ကျော်တို့က အောက်ကျင်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးရှေ့မှ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ကြကာ အားကစားကွင်း၌ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းနှင့် အားကစားအစီအစဉ်များကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တောင်ကြီးမြို့နယ် သိမ်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်နေမှုစစ်ဆေး

**တောင်ကြီး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိစေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုင်းသော်(အနောက်)ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် သိမ်ကုန်းကျေးရွာတွင် အရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်ရှိ Box Culvert တံတားငါးစင်းနှင့် Pipe Culvert တံတားသုံးစင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံနှုန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၈၆ ဒသမ ၀၁၃၀ ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဇူလိုင်လ ဒုတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စပါးနှင့် အခြားသော စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) Grade-10(A) မှ မောင်စိုင်းဟိန်းထက်၏ဖခင် အမည်မှန်မှာ ဦးဆိုးဖ [၁/ဝမန(နိုင်)၀၀၁၈၅၇] ဖြစ်ပါသည်။

## အမည်မှန်

ဘိုကလေးမြို့နယ်၊ အထက၊ စက်ဆန်း GRADE 10 တွင် ပညာသင်ကြားနေသော မဝေဖြိုး၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ဘကလ(နိုင်)၄၄၆၅၅၃] အရ မဝေဝေဖြိုး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အထက၊ စက်ဆန်း GRADE 10 နှင့် GRADE 11 တွင် ပညာသင်ကြားနေသော မဝေဝေဖြိုးနှင့် မောင်ဖြိုးဝေလင်းတို့၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ဘကလ(နိုင်)၃၆၂၃၅၃] အရ ဦးဆန်းထူး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ပတ္တမြားမြောက်၊ မြေကွက်အမှတ်(၄၈၂)၊ မြေဧရိယာ(၀.၀၃၄)ဧက မြေကွက်တည်နေရာအမှတ်(၄၈၂)၊ ပုလဲလမ်း၊ ပတ္တမြားမြောက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးခင်ဝင်း(ခ)တာခ္ဒီးငွီး [၁၂/လသန(နိုင်)၀၀၃၅၆၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက် ဦးခင်ဝင်း(ခ)တာခ္ဒီးငွီးသည်(၂၉-၇-၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးတော်စပ်သူဒေါ်ဌေးဌေး(ခ)ဆူစံ [၁၂/ကတတ(နိုင်)၀၁၃၂၆၇] မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်း ဒေသကြီးတရားလွှတ်တော်၏ (၂၁-၉-၂၀၂၃)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၁၅၆/၂၀၂၃)အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် အမည်ပေါက်ဦးခင်ဝင်း(ခ)တာခ္ဒီးငွီး [၁၂/လသန(နိုင်)၀၀၃၅၆၅]၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ကံ့ကော်(၈)လမ်း၊ မြေကွက်အမှတ်( ၁၅၄၇/ ခ )၊ (၁၉/၄၈) ရပ်ကွက်၊ (အလျား ၂၀'x အနံ ၆၀') ( ၁၂၀၀ စတုရန်းပေ )ရှိသော ပါမစ် အမည်ပေါက်မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှု ဌာနတွင် **ဒေါ်ခင်ဖြူ [၉/တသန (နိုင်)၁၁၁၆၄၇]**အမည်ဖြင့်မှတ်သားတည်ရှိပြီး ၎င်းထံမှအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် **လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့သူထံမှ ဦးမြင့်ဇော်ဦး [၅/တဆန(နိုင်)၁၀၃၈၈၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးကျော်ဝင်း [၁၁/မပတ(နိုင်)၀၇၄၀၄၂]**က အပြီးအပိုင်ဝယ်ယူရန်အတွက် **(၁-၁၂-၂၀၂၃)**ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်ကိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍( ၃ ) ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၇ )၊ ဗိုလ်စောဦးလမ်း၊ မြေကွက်အမှတ် (၃၉၇ /က)၊ ( ၈ )ရပ်ကွက်၊ (အလျား ၂၀' x အနံ ၆၀')၊ (၁၂၀၀ စတုရန်းပေ)ရှိသော ပါမစ်အမည်ပေါက်မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးမောင်မောင်ငြိမ်း ( NTN - ၉၆၅၆၃၉)** အမည်ဖြင့်မှတ်သားတည်ရှိပြီး ၎င်းထံမှအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် **လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့သူထံမှ ဦးချမ်းမြေ့အောင် [၁၄/ပသန(နိုင်)၁၉၆၇၇၈] ထံမှ** ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးထွန်းထွန်းလှိုင် [၁၂/လမန(နိုင်)၀၆၁၇၆၅]** က အပြီးအပိုင်ဝယ်ယူရန်အတွက်**(၁-၁၂-၂၀၂၃)** ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍( ၇)ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရောဝဏ်လမ်း၊ ကွေ့မအိမ်ရာ၊ တိုက်အမှတ်(B)၊ အခန်း (၁၀၁)၊ (၄)ထပ်တိုက်၏ ပထမထပ်တိုက် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ် အစပ်ဆက် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးဘုန်းဆက်ပိုင်ကျော် [၁၂/တမန(နိုင်)၁၂၄၁၈၄]က ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းအေး [၆/ခမက(နိုင်)၀၀၄၁၃၉] က အပြီးအပိုင်ဝယ်ယူရန် လက်ခံပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းအေး [၆/ခမက(နိုင်) ၀၀၄၁၃၉] ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသန်းနိုင်စိုး(LL.B)** | **ဦးသိန်းနိုင်စိုး(LL.B)** | **ဒေါ်ဆုရည်အောင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၀၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၆၉၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၉၀၈)** |

**အမှတ်(၁၀၉)၊ ဒုတိယထပ်၊ လမ်းမတော်(၁၄)လမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၉ - ၄၀၀၅၄၀၈၅၊ ၀၉-၄၄၅၆၄၅၆၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်(၁၄၁)ရှိ (၂)ခန်းတွဲ RC (၆) ထပ်တိုက်မှ မြေညီထပ်(ထပ်ခိုးပါ)၊ မျက်နှာမူလျှင်(ဝဲဘက်)အခန်း၊ ဧရိယာ(၉၁၈) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးနေအောင် [၁၂/ဥကတ(နိုင်)၁၁၉၇၉၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းထွန်းလတ် [၁၂/ဥကတ(နိုင်)၁၄၂၃၅၉] နှင့် ဒေါ်သန်းသန်းညွန့် [၉/တသန(နိုင်)၁၃၇၁၀၈]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထွန်းလတ်နှင့် ဒေါ်သန်းသန်းညွန့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B-4)၊ အခန်းအမှတ်(၁၀၀၇)၊ LEVEL(10)၊ RC(၁၂)ထပ်ခွဲ အဆောက်အဦမှ ဧရိယာ(၁၂၆၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်စွာအောင် [၁၂/ဗဟန(နိုင်)၀၇၇၃၆၂] နှင့် ဒေါ်ဇင်မာဝင်း [၁၂/ကမရ(နိုင်)၀၄၇၀၁၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်နိုင်ဦး [၈/မမန(နိုင်)၀၀၀၅၅၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကျော်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဝန်ထမ်းအမြန်အလိုရှိသည်

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၃၀၁-၄)၊ Merchant Luxury Condominium ကုန်သည်လမ်းမကြီးပေါ် (၅၀/၅၁လမ်း)၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်။ Contact Phone/ViberNo-09-797207771

**Email:moonsuntrading.hr.2017@gmail.com**
**moonsunmddoffice@gmail.com**

(1) HR Manager — Male/ Female (1)Post

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

အထက်ဖော်ပြပါရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ် အထက်ရှိရမည်။ အထက်ပါလုပ်ငန်းနှင့်ပတ်သက်သည့် Diploma (or) Certificate ရှိရမည်။ အသက်(၄၀)နှစ်နှင့် အထက်ရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ နယ်သွားနိုင်ရမည်။

(2) Petrol Station A.M(or)Supervisor — Male(5)Posts

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

စက်သုံးဆီလုပ်ငန်းနှင့်ပတ်သက်၍ အထက်ဖော်ပြပါ ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့် အထက်ရှိရမည်။ ရိုးသားကြိုးစားပြီး ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အသက် (၃၀) နှစ်နှင့် အထက်ရှိရမည်။ နေ့/ည သတ်မှတ် Duty မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(3) Admin A.M(or)Supervisor — Male(2)Posts

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

သက်ဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်၍ အထက်ဖော်ပြပါ ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၄)နှစ်နှင့် အထက်ရှိရမည်။ Computer (Microsoft Office) ကျွမ်းကျင်ရမည်။ ရိုးသားကြိုးစားပြီး ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်နှင့် အထက်ရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(4) IT Staff — Male(2)Posts

တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။

IT နှင့်ပတ်သက်သော Certificate (or) Diploma တစ်ခုခုရှိရမည်။ CCTV ပြင်ဆင်တပ်ဆင်ခြင်း/ Network ပိုင်းနှင့် Computer Software Error ပိုင်းများ ဖြေရှင်းနိုင်ရမည်။ အသက်(၂၅)နှစ်နှင့်အထက် ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃) နှစ်နှင့်အထက်ရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

အထက်ပါရာထူးများအားလုံးသည် စိတ်ပါဝင်စားသူများအနေဖြင့် CV Form/ လိုင်စင်ဓာတ်ပုံ (၂)ပုံ/ မှတ်ပုံတင်မိတ္တူ/ သန်းခေါင်စာရင်းမိတ္တူ/ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာများ/ပညာအရည်အချင်း စာရွက်စာတမ်းများနှင့်အတူ အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ/ Viber မှဖြစ်စေ (31-12-2023) ရက်နေ့ထိ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၀-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏ကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)GPဒေါ်မြသန္တာလင်း၏အမည်ပြောင်းတွင်ကိုယ်စားလှယ်လွှဲစာရရှိသူGPဒေါ်မြတ်သန္တာလင်းဟုအမှန်ဖတ်ရှုပါရန်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ( ၇ ) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၂၆)၊ ၇-လွှာ ( ဝဲ )၊ အကျယ်အဝန်း (၁၂၃´ × ၆၀´) ရှိရေ၊ မီးအစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဒေါ်ဟလီမန် (BTHG -၀၀၄၂၄၉) မှ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဖြက်ဆို၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးတင်မောင်သိန်း | ဒေါ်ယဉ်ယဉ်အောင် | ဦးချစ်ကိုကို |
| ( စဉ်-၅၃၃၈ ) | ( စဉ်-၁၀၃၈၃ ) | ( စဉ်-၄၉၁၉၁ ) |
| B.A, RL, D.B.L, D.I.L | LL.B, D.B.L, D.I.L, D.M.L | LL.B |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**

အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၇၆၁၅၈ ၊ ၀၉ ၄၃၀ ၆၄၆၅၇

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ကျောင်းကုန်း(၃)လမ်း၊တိုက်အမှတ်(၈၄၃)၊အကျယ်အဝန်း (၁၂½' × ၅၀')ခန့်ရှိ၆-လွှာတိုက်ခန်း(တိုက်၏မျက်နှာချင်းဆိုင် မှကြည့်လျှင်ညာဖက်ခြမ်း)ရေမီးစုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဦးသန်းဝေဖြိုး(၁၂/လမန(နိုင်)၁၃၃၀၅၇) ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်၊ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးသန်းထွန်း(စဉ် - ၃၆၁၉) | ဒေါ်ခင်အေးမြင့်(စဉ် - ၇၁၅၈) |
| H.G.P. LL.B., LL.M, D.B.L | LL.B., LL.M, D.B.L |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(G-1)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၁၈၆၀၄၅၊

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်-၀.၃၊ ဦးပိုင်အမှတ်(၂၁)၊ ၇၂-B လမ်း၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကျင်ကျင်မင်း၊ ဒေါ်သူဇာထွေး တို့၏(SP ရရှိသူ ဦးတင်မောင်ဆွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၉၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သောင်းဌေး[၁/မညန(နိုင်)၀၃၄၅၈၉]က အမှုတွဲအမှတ်-၅၀၈၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်းအနောက်၊ အမှတ်(၇၇၇/ခ)၊ အလျား(၂၀ပေxအနံ၆၀ပေ) နှစ်(၆၀)ဂရန်အမည်ပေါက် ဦးသန်းမောင် (N/ OKA - ၀၃၇၉၇၉) အမည်ပေါက်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝေနွယ်ညို [၁၄/ပသန(နိုင်)၁၇၀၇၁၈] မှ အရောင်းအဝယ် အစပ်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကာ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်သဖြင့် အပြီးအပိုင်ရောင်းချခြင်းအား ပြုလုပ်ရန်အတွက် ကန့်ကွက်မည့်သူများရှိပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း မူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ် အပြီးအပြတ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာမြင့် (LL.B) (B.A Dramatic Arts)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်(၁၂၇၇၀)**
**အမှတ်(၆၈၁/ခ)၊ ဘုရားလမ်း၊ ၁၀/တောင်(၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၂၃၂၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၂) လမ်း၊ အမှတ်(၉၃/အေ)၊ ဒုတိယထပ်၊ (၅+၆)လွှာ (မျက်နှာမူလျှင်ယာဘက်) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၅x၅၈) ပေရှိ ဟောင်ကောင် (၂)လွှာ တိုက်ခန်းနှင့် အဲယားကွန်း(၂)လုံး ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးမောင်မောင်မြင့် [၁၃/ကမန(နိုင်)၀၀၈၆၈၁]၊ ဒေါ်လီလီစိန် [၁၃/ကမန(နိုင်)၀၀၈၆၈၄]တို့က** တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ ရောင်းချရာ **ဒေါ်နီနီဝင်း (ခ) ဟာဝါဘီဘီ [၁၂/ရကန(နိုင်)၀၅၇၈၈၇]**မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy) အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦးလမ်းနှင့် ဗညားဦး(၂) လမ်းထောင့်၊ မြေကွက်အမှတ်(၃၄၇)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၃၄၆) နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၆x ၆၀)ပေရှိ ဦးစိန်မြ(AA-၁၁၁၀၇၇) အမည်ပေါက် မြေချပါမစ်(မူရင်း)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးဟန် [၇/ပခန(နိုင်)၀၂၆၆၁၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၀၄၀၃၅၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

## အများသိစေရန်ကြေညာခြင်း

ဦးဇာနည်လင်း(ခ)မုဟမ္မဒ်အနီဝါရ်အူလ်ဟောက် [၁၂/ဥကတ(နိုင်)၂၁၂၇၀] နှင့် ဒေါ်သန်းသန်းမော် (ခ) ရှမီမဟ်ဘီ [၁၂/ဒဂရ(နိုင်)၀၄၁၂၅၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးဇာနည်လင်းနှင့် ဒေါ်သန်းသန်းမော်တို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး **(၉-၄-၂၀၁၂)**ရက်နေ့မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ထိမ်းမြားလက်ထပ်ခဲ့သော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့်လည်းကောင်း **(၁-၁၂-၂၀၂၃)ရက်**နေ့တွင် **“နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်”** ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အစ္စလာမ်တရားတော်နှင့်အညီ အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးဇာနည်လင်းနှင့် ဒေါ်သန်းသန်းမော်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာခိုင် (LL.B), D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**တိုက်(21/B)၊ (၃)လွှာ၊ ယုဝလမ်း၊ (ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၆/၂၀၂၃**

**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**

**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )**

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၁)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြုကာ **၃၁-၁၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** ဝင်ရောက်လျှောက်ထားနိုင်ပါသည်-

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (က) | **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** | ဦးစီးအရာရှိ | ၃ နေရာ |
| (ခ) | **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး** | ဦးစီးအရာရှိ | ၁၁ နေရာ |
| (ဂ) | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | လက်ထောက်မန်နေဂျာ(စီမံ/ စီးပွား/ဘဏ္ဍာရေး)/ လက်ထောက်အင်ဂျင်နီယာ | ၂၀ နေရာ |
| | (၂)မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | နည်းပြအရာရှိ/လက်ထောက် စာကြည့်တိုက်မှူး | ၂၃ နေရာ |
| | (၃)မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် | နည်းပြအရာရှိ/လက်ထောက် ကထိက**(အမျိုးသား)**/ လက်ထောက်ကထိက | ၈ နေရာ |
| (ဃ) | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | လက်ထောက်မန်နေဂျာ | ၁၀ နေရာ |
| | (၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ် | လက်ထောက်မန်နေဂျာ | ၈ နေရာ |
| | (၃) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်ထောက်မန်နေဂျာ | ၂၅ နေရာ |
| | (၄) မြန်မာ့အာမခံလုပ်ငန်း | လက်ထောက်မန်နေဂျာ | ၁၄ နေရာ |
| (င) | **ပြန်ကြားရေးဝန်ကြီးဌာန** | | |
| | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | စာတည်း(ဘာသာပြန်) | ၁ နေရာ |
| (စ) | **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** | | |
| | (၁) အနုပညာဦးစီးဌာန | ဦးစီးအရာရှိ(လျှပ်စစ်/အသံ/ မြို့ပြ/နယ်မြေ) | ၅ နေရာ |
| | (၂) ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၃ နေရာ |
| (ဆ) | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန** | | |
| | (၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန | ဦးစီးအရာရှိ(ငွေစာရင်း) | ၄ နေရာ |
| | (၂) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | လက်ထောက်ကထိက | ၁၅ နေရာ |
| (ဇ) | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** | | |
| | (၁) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဦးစီးအရာရှိ/လက်ထောက် အင်ဂျင်နီယာ | ၂ နေရာ |
| | (၂) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) | လက်ထောက်ကထိက/ လက်ထောက်မန်နေဂျာ (စနစ်) | ၁၅ နေရာ |
| | (၃) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) | လက်ထောက်ကထိက | ၁၆ နေရာ |
| | (၄) သမဝါယမကောလိပ်(ဖောင်ကြီး၊မန္တလေး) | လက်ထောက်ကထိက | ၂၀ နေရာ |
| (ဈ) | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | | |
| | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ (ဥပဒေ)**(အမျိုးသမီး)** | ၁ နေရာ |
| (ည) | **စွမ်းအင်ဝန်ကြီးဌာန** | | |
| | (၁) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | ဦးစီးအရာရှိ | ၁၀ နေရာ |
| | (၂) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | လက်ထောက်အင်ဂျင်နီယာ [(စက်မှု)ကျွမ်းကျင်မှုဆိုင်ရာ ဆပ်ကော်မတီ/ထုတ်လုပ်ရေး/ ကမ်းလွန်တူးဖော်ရေး/ကမ်းလွန် စီမံကိန်း)]**(အမျိုးသား)**/ လက်ထောက်ဘူမိရူပဗေဒ အရာရှိ(ကမ်းလွန်)**(အမျိုးသား)** | ၇ နေရာ |
| | (၃) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ဌာနခွဲမှူး/အလုပ်ရုံခွဲမှူး (စီမံရေး/ကုန်ထုတ်) | ၂၅ နေရာ |
| (ဋ) | **စက်မှုဝန်ကြီးဌာန** | | |
| | (၁) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | | |
| | (က)အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | အလုပ်ရုံခွဲမှူး**(အမျိုးသား)** | ၅ နေရာ |
| | (ခ) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) | အလုပ်ရုံခွဲမှူး | ၈ နေရာ |
| | (၂) မြန်မာ့ဆေးဝါးလုပ်ငန်း | အလုပ်ရုံခွဲမှူး | ၃၇ နေရာ |
| (ဌ) | **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** | | |
| | (၁) ဝန်ကြီးရုံး | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၃၁ နေရာ |
| | (၂) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၅ နေရာ |
| | (၃) ပြည်သူ့အင်အားဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၄ နေရာ |
| | (၄) အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၅ နေရာ |
| | (၅) အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၅ နေရာ |
| (ဍ) | **အလုပ်သမားဝန်ကြီးဌာန** | | |
| | (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ဦးစီးအရာရှိ/နည်းပြအရာရှိ | ၅ နေရာ |
| | (၂) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ(ဥပဒေ/အလုပ်ရုံ) **(အမျိုးသား/အမျိုးသမီး)** | ၁၅ နေရာ |
| | (၃) အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန | ဦးစီးအရာရှိ | ၁၅ နေရာ |
| (ပ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန** | | |
| | (၁) ကုန်သွယ်ရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ |
| | (၂) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဦးစီးအရာရှိ**(အမျိုးသား/ အမျိုးသမီး)** | ၄ နေရာ |
| (ဏ) | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | | |
| | (၁) နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန | ဦးစီးအရာရှိ | ၈ နေရာ |
| | (၂) လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | ဦးစီးအရာရှိ | ၆ နေရာ |
| (တ) | **ကျန်းမာရေးဝန်ကြီးဌာန** | | |
| | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ဦးစီးအရာရှိ(ဥပဒေရေးရာ) | ၂ နေရာ |
| (ထ) | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | |
| | (၁) လမ်းဦးစီးဌာန | ဦးစီးအရာရှိ(ဥပဒေ/ကွန်ပျူတာ) **(အမျိုးသား/အမျိုးသမီး)** | ၄ နေရာ |
| | (၂) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | ၉ နေရာ |
| (ဒ) | **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန** | | |
| | (၁) ဝန်ကြီးရုံး | ဦးစီးအရာရှိ | ၁ နေရာ |
| | (၂) လူမှုဝန်ထမ်းဦးစီးဌာန | ဦးစီးအရာရှိ**(အမျိုးသား/ အမျိုးသမီး)** | ၁၀ နေရာ |
| | (၃) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ | ၇ နေရာ |
| (ဓ) | **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန** | | |
| | ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၁၄ နေရာ |
| (န) | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ဦးစီးအရာရှိ | ၃ နေရာ |
| (ပ) | **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်** | ဦးစီးအရာရှိ | ၂ နေရာ |

၂။ **ကြော်ငြာစာအမှတ်(၆/၂၀၂၃)နှင့်(၇/၂၀၂၃)တို့မှ လစ်လပ်ရာထူးများအတွက် ရေးဖြေစာမေးပွဲကို ၁၀-၂-၂၀၂၄ ရက်(စနေနေ့)နှင့် ၁၁-၂-၂၀၂၄ ရက်(တနင်္ဂနွေနေ့)များတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်စစ်ဆေးမည်ဖြစ်ပါသဖြင့် ကြော်ငြာစာအမှတ်(၆/၂၀၂၃)ဖြင့် ခေါ်ယူထားသည့် လစ်လပ်နေရာများ အတွက်လျှောက်ထားသူများသည် ကြော်ငြာစာအမှတ်(၇/၂၀၂၃)ဖြင့် ခေါ်ယူထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဌာနစုမှူး(၂)/ တတိယအတွင်းဝန်(အမျိုးသား/အမျိုးသမီး)ရာထူး (၂၀)နေရာ၌ ထပ်မံလျှောက်ထားခွင့် မရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။**

၃။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂၁)ခုတို့မှ ကြော်ငြာခေါ်ယူထားသော လစ်လပ်ရာထူးများအတွက် လျှောက်ထားသူများတွင် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လက်ခံရယူလိုခြင်းမရှိပါကြောင်း ဖော်ပြထားရှိပါသည်။

၄။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့်** www.ucsb.gov.mm, Web Portal, Facebook Page နှင့် **Myanmar National Web Portal-** www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များ မေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/၀၉-၇၉၇၇၂၇၆၉၆/၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

